Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



network for democracy & development

Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod,Tak, 63110,Thailand. Phone: +66 (0) 85 733 4303
E-mail : ndddrd07@csloxinfo.com; ndddrd07@gmail.com

# တစ်လအတွင်း မြန်မာ့သတင်း [၂၀၁၀ ခုနှစ်၊ မတ်လ]

## မတ်လ (၁) ရက်

- ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်တွင် ယနေ့ကျင်းပသော သုတစွယ်စုံစာပေဆုပေးပွဲ အခမ်းအနားတွင် "မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း" စာအုပ်ကိုရေးသည့် တက္ကသိုလ်စိန်တင်အား ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကိုယ်တိုင် ဆုချီးမြှင့်ပေးသည်။ (NEJ 010310)
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) မှ ကလေးစစ်သားစုဆောင်းခံရမှု တိုင်ကြားချက်များကို လက်ခံဆောင်ရွက်ပေးနေသော်လည်း ဆင်းရဲချို့တဲ့သည့် ကလေးငယ်များကို စစ်တပ်မှ တပ်ကြပ်အဆင့်အထက်တို့က နယ်ဒေသသို့ဆင်းပြီး လစာငွေ ကောင်းစွာရရှိ၍ မိသားစုကို ထောက်ပံ့နိုင်သည်ဟုဆိုကာ လိမ်လည်ဖြားယောင်းကာ စစ်သားအဖြစ် စုဆောင်းနေသည်။ (NEJ 010310)
- ရန်ကုန်မြို့၏ မြို့လယ်ခေါင် အချက်အခြာကျသည့် ယခင် လဟာပြင်စျေး မြေနေရာတွင် City Center အမည်ရှိ လောင်းကစားရုံ၊ နိုက်ကလပ်နှင့် ကာရာအိုကေခန်းမ ဖွင့်လှစ်ထားသည်။ (NEJ 010310)
- အဓမ္မလုပ်အား ခိုင်းစေခြင်းခံရသည့် တောင်ငူခရိုင်မှ ရွာသား (၄၇၀) တို့က ၎င်းတို့ အဓမ္မစေခိုင်းခံရမှုကို စုံစမ်းအရေးယူမှုပြုလုပ်ပေးရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) သို့ မြန်မာနိုင်ငံအလုပ် သမားသမဂ္ဂများအဖွဲ့ချုပ် (FTUB) နှင့် ကော်သူးလေအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FTUK) တို့မှ ယနေ့တိုင်ကြားစာ ပေးပို့လိုက်သည်။ (NEJ 010310)
- ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ခေါ် ဝတပ်ဖွဲ့က ၎င်းတို့၏တောင်းဆိုချက် (၉) ချက်ကို နအဖက ပယ်ချနေသည့်ကြားကပင် လိုက်လျောပေးရန် ယမန်နေ့က ထပ်မံတောင်းဆိုလိုက်သည်။ (NEJ 010310)
- မြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီက ဆားလုပ်ငန်းရှင်များထံမှ ဆားတန်ချိန် တသိန်း ဝယ်ယူမည့် အစီအစဉ် ဖျက်လိုက်ပြီးနောက် ဆားဈေးများ တဟုန်ထိုး ကျဆင်းသွားသည်။ (Mizzima 010310)
- ထိုင်းအစိုးရက မြန်မာအလုပ်သမားများအတွက် ယာယီနိုင်ငံကူးလက်မှတ် ပြုလုပ်ရန် ပုံစံတင်ခွင့်ကာလကို တလ ထပ်တိုး ပေးလိုက်သည်။ (Mizzima 010310)

## မတ်လ (၂) ရက်

- ထိုင်း-မြန်မာနယ်စပ် မဲဆောက်အပါအဝင် တာ့ခ်ခရိုင်အတွင်း ယာယီနိုင်ငံကူးလက်မှတ် ပြုလုပ်ရန်အတွက် နိုင်ငံသား စိစစ်မှုကို ထိုင်းဘက်မှ အချိန် (၁) လ တိုးမြှင့်ပေးသော်လည်း ဒေသတွင်း သိန်းချီရှိသည့် မြန်မာအလုပ်သမားများက စိတ်ဝင်စားမှု အလွန်နည်းပါးကြသည်ဟု မြန်မာအလုပ်သမားအရေး ဆောင်ရွက်နေသူများက ပြောသည်။ (NEJ 020310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နိုင်ငံတကာရောက် ကချင်တိုင်းရင်းသားများ၏ ရောဝတီမြစ်ဆုံရေကာတာ ရပ်တန့်ရေး တောင်းဆိုချက်အပေါ် တရုတ်အစိုးရက လျစ်လျူရှုမထားဘဲ အရေးယူဆောင်ရွက်ရန် ကချင်ပြည် လူမှုဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့က ယနေ့ကြေညာချက်ထုတ်ပြန်လိုက်သည်။ (NEJ 020310)
- ယနေ့ကျရောက်သည့် တောင်သူလယ်သမားနေ့တွင် လယ်သမားအရေး ဆောင်ရွက်နေသည့် ရန်ကုန်တိုင်းခရမ်းမြို့နယ်မှ စာချောက်ရပ်တောင်သူလယ်သမားဘ၀ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ဦးစီးကာ အထိမ်းအမှတ်အခမ်းအနားတရပ် ကျင်းပပြုလုပ်ခဲ့သည်။ (NEJ/ Irrawaddy 020310)
- မီတာစနစ်မသုံးသော တက္ကစီအငှားယာဉ်များကို တင်းကျပ်စွာ အရေးယူမည်ဟု သတင်းထုတ်ပြန်ပြီးနောက်ပိုင်း ရန်ကုန်မြို့ရှိ ပါရမီတက္ကစီအချို့မှာ မီတာခိုး၍ ပြေးဆွဲနေကြောင်း ရန်ကုန်မြို့ခံများက ပြောသည်။ (NEJ 020310)
- နေအိမ်အကျယ်ချုပ်ကျခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အယူခံတင်သွင်းထားသော ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု လျှောက်လဲချက်အား ဗဟိုတရားရုံးချုပ်မှ ပယ်ချလိုက်သည့်အပေါ် အထူးစိတ်မကောင်းဖြစ်မိကြောင်း ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံခြားရေးရာဌာန၏ ပြောခွင့်ရသူ ကက်သရင်း အက်ရှ်တန်က ပြောကြားလိုက်သည်။ (NEJ 020310)
- ယမန်နေ့ ည (၆) နာရီကျော်က ရန်ကုန်မြို့ သိမ်ကြီးဈေး (ဒီ) ရုံ ပထမထပ်တွင် ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်တဆိုင်၌ မီးလောင်မှု ဖြစ်ပွားခဲ့ပြီးနောက် ရန်ကုန်မြို့ ဈေးအသီးသီးမှ ဈေးဆိုင်ပိုင်ရှင်များက ၎င်းတို့ပစ္စည်းများမီးလောင်ဆုံးရှုံးမည်ကို စိုးရိမ်နေကြသည်။ (NEJ 020310)
- ရန်ကုန်မြို့ သိမ်ကြီးဈေးရှိ စားသောက်ဆိုင် တဆိုင်တွင် ယမန်နေ့ ညနေ ၆း၁၅ နာရီက မီးလောင်မှု ဖြစ်ပွားခဲ့ရာ နာရီဝက်အတွင်း ငြိမ်းသတ်နိုင်ခဲ့သည်ဟု ရန်ကုန်တိုင်း မီးသတ် ဦးစီးဌာနမှ အရာရှိတဦးက ပြောသည်။ (Irrawaddy 020310)
- နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တောင်သူလယ်သမားများကို ပြည်ထောင်စုသမ္မတနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လာမည့်ရွေးကောက်ပွဲတွင် စစ်မှန်သောဒီမိုကရေစီစနစ်ကို ဦးဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရမည်ဖြစ်ကြောင်း တောင်သူလယ်သမားနေ့ သဝဏ်လွှာတွင် တိုက်တွန်းပြောကြားလိုက်သည်။ (Irrawaddy 020310)
- ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တောပြင်ကျေးရွာတွင် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ က မီးလောင်ကျွမ်းမှုဖြစ်ပွားသောကြောင့် လူနေအိမ် ၄၀ ကျော်ဆုံးရှုံးခဲ့ရသည်။ (Mizzima 020310)
- နယ်ခြားစောင့်တပ်အသွင်ပြောင်းလဲရေး ဖိအားပေးခြင်းခံနေရသော ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) အနေဖြင့် နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရန် ကြိုးစားနေသလို တဖက်ကလည်း အဆိုးဆုံးအခြေအနေကို ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားသည်။ (Mizzima 020310)
- A (H1N1) လူတုပ်ကွေးကူးစက်ခံရမှုကြောင့် နေပြည်တော်တွင် သောင်တင်ခံနေခဲ့ရသော ပြည်ထောင်စုနေ့ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် ချင်းပြည်နယ်ရှိ နေအိမ်များသို့ ပြန်လည် ရောက်ရှိသွားပြီဖြစ်သည်။ (Mizzima 020310)
- စစ်အစိုးရခေါင်းဆောင်က မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများဘ၀ တိုးတက်မြင့်မားလာပြီဆိုခြင်းအပေါ် မဟုတ်မမှန်ကြောင်း အတိုက်အခံ နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် ရခိုင်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က တုန့်ပြန်ပြောဆိုလိုက်သည်။ (Mizzima 020310)

## မတ်လ (၃) ရက်

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့ အစည်းအဝေးတစ်ရပ်ကို ရန်ကုန်ရုံးချုပ်တွင် ပြုလုပ်ခဲ့ရာ ဥပဒေအထောက်အကူပြုရေး ဥက္ကဌနေရာကို အဖွဲ့ချုပ် ဒု-ဥက္ကဌ ဦးတင်ဦးကို ပြန်လည်တာဝန်ပေးအပ်ခဲ့သည်။ (NEJ/ RFA 030310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဗီယက်နမ်လေကြောင်းလိုင်းမှ ပြေးဆွဲသော ရန်ကုန်-ဗီယက်နမ် (ဟန္နိုင်း) ခရီးစဉ်ကို ယခုလ (၂) ရက်နေ့တွင် ပထမဆုံး ပျံသန်းပြီဖြစ်သည်။ (NEJ 030310)
- ခံနိုင်ရည်ကျဆင်းပြီး ယိုယွင်းနေသည့် ဂျိုင်းတံတား (ကော့ကရိတ်) အနီးတွင် ကုန်ကားကြီးများ ဖြတ်သန်းရန်အတွက် ယာယီဖောတံတား တည်ဆောက်ပြီးစီးသွားသော်လည်း ကုန်စည်စီးဆင်းမှု အဆင်မပြေသေးကြောင်း ကုန်သည်များက ပြောသည်။ (NEJ 030310)
- မြန်မာနိုင်ငံမှ ဒုက္ခသည်များအတွက် အမေရိကန်ဒေါ်လာ (၂၃) သန်းကျော်နှင့်ညီမျှသည့် ယူရိုငွေ (၁၇.၂၅) သန်းကို လူသားချင်းစာနာမှု အကူအညီအဖြစ် ဥရောပသမဂ္ဂ (အီးယူ)က ယခုနှစ်တွင် ပေးသွားမည်ဟု ယမန်နေ့က ကြေညာလိုက်သည်။ (NEJ 030310)
- အဓမ္မလုပ်အားပေး စေခိုင်းခံရသည့် အမှုများကို ရှေ့နေလိုက်ပေးခြင်းကြောင့် လွန်ခဲ့သည့်နှစ်တွင် ဖမ်းဆီးခံရပြီး ထောင်ဒဏ် (၄) နှစ် ကျခံနေရသည့် ရှေ့နေကိုဖိုးဖြူကို စစ်အစိုးရတရားရုံးချုပ်က ထောင်ဒဏ် (၃) နှစ်လျှော့လိုက်ပြီး (၁) နှစ်သာကျခံရန် ယခုလ (၁) ရက်နေ့က အမိန့်ချမှတ်လိုက်သည်။ (NEJ 030310)
- အလုပ်သမားလက်မှတ် သက်တမ်းတိုးရန် ပျက်ကွက်ခဲ့သည့် မြန်မာနိုင်ငံသားအပါအဝင် နိုင်ငံခြားသား ရွှေ့ပြောင်းအလုပ်သမား ၅ သန်းခန့်ကို ဖမ်းဆီး၍ နေရပ်ရင်းသို့ ပြန်ပို့မည်ဟု ထိုင်းအလုပ်သမားဝန်ကြီးဌာနမှ အလုပ်သမားရှာဖွေခန့်ထားရေးဌာန လက်ထောက်ဒါရိုက်တာ Supat Gukun က ယနေ့ ပြောကြားလိုက်သည်။ (NEJ/ Mizzima/ Irrawaddy 030310)
- မြန်မာနိုင်ငံ ပဲခူးတိုင်းနှင့် မွန်ပြည်နယ် တို့တွင် ရွှေကြောသစ် အများအပြားထပ်မံတွေ့ရှိကာ ရွှေတူးဖော်ရေးလုပ်ငန်းများကို စစ်အစိုးရ၏ဆွေမျိုးများက ဦးစီးလုပ်ကိုင်သော ရွှေတူးဖော်ရေး ကုမ္ပဏီကြီးများသာ လုပ်ခွင့်ရကြောင်း မန္တလေး နှင့်ရန်ကုန်မြို့မှ ရွှေသန့်စင်ရေး လုပ်ငန်းပိုင်ရှင်များက ပြောသည်။ (Irrawaddy 030310)
- မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် အဖွဲ့တဖွဲ့နှင့် ထိုင်းစစ်တပ်တို့ ထိုင်းနိုင်ငံ ဖန်ခရိုင်တွင် ပြီးခဲ့သည့် တနင်္ဂနွေနေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ စိတ်ကြွဆေးပြား ၆၅၀,၀၀၀ နှင့် မူးယစ်ဆေးဝါး သယ်ဆောင်သူ တဦးကို အသေဖမ်းဆီးမိကြောင်းနှင့် ၎င်းမူးယစ်ဆေးဝါး သယ်ဆောင်လာသည့်အဖွဲ့သည် ဝ လက်နက်ကိုင်အဖွဲ့များ ဖြစ်နိုင်ကြောင်း ယမန်နေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။ (Irrawaddy 030310)
- ကချင်ပြည်နယ် ဧရာဝတီမြစ်ဖျားရှိ မြစ်ဆုံရေကာတာ ဆောက်လုပ်ရေး စီမံကိန်းကို ရပ်တန့်ပေးရန်အတွက် ကန့်ကွက်သည့်စာကို တရုတ်နိုင်ငံအစိုးရထံသို့ ကချင်လူ့အခွင့်အရေး လှုပ်ရှားသူများက ယမန်နေ့က ထပ်မံပေးပို့ တောင်းဆိုလိုက်သည်။ (Irrawaddy 030310)
- ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၁) ရှိ Super Garment အထည်ချုပ်စက်ရုံမှ အလုပ်သမား ၂၀ ကျော်က အလုပ်သမား ရပိုင်ခွင့်များအတွက် ယနေ့ နံနက် ၈ နာရီခန့်က ဆန္ဒပြတောင်းဆိုကြသည်။ (Irrawaddy 030310)
- ထိုင်းနိုင်ငံတွင် အထိန်းသိမ်းခံနေရသော မြန်မာ ရိုဟင်ဂျာများသည် ၎င်းတို့အား နေရပ်ပြန်ပို့ ပေးရန်အတွက် အစာအငတ်ခံ ဆန္ဒပြတောင်းဆိုနေကြကြောင်း မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးဆောင်ရွက်မှု ထိုင်းလှုပ်ရှားရေး ကော်မတီမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်ဝေက ဧရာဝတီသို့ ပြောသည်။ (Irrawaddy 030310)
- လုပ်ခလစာ တိုးမြှင့်ရေးအတွက် ပုဂ္ဂလိပိုင်စက်ရုံ အလုပ်ရုံများတွင် အလုပ်သမားဆန္ဒပြမှု သတင်းများ ဆက်တိုက်ထွက်ပေါ်နေချိန်၌ ရွှေပြည်သာမြို့နယ် ဦးရွှေရိုးလမ်းရှိ Grand Royal မှ အလုပ်သမား ၁,၀၀၀ ကျော်က လစာတိုးပေးရန်၊ အများပြည်သူ ရုံးပိတ်ရက်များတွင် ပိတ်ပေးရန်နှင့် အချိန်ပိုကြေးပေးရန် တောင်းဆိုလိုက်သည်။ (Mizzima 030310)
- စစ်အစိုးရ၏ ရာဇဝတ်မှုများကို နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးအဆင့်တွင် အရေးယူနိုင်ရေးအတွက် ရည်ရွယ်၍ မြန်မာအမျိုးသမီး ၁၂ ဦးက ကိုယ်တိုင်ကြုံတွေ့မှုများကို အမေရိကန်နိုင်ငံတွင် ပြောဆိုခဲ့ကြသည်။ (Mizzima 030310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



မတ်လ (၄) ရက်

- ရန်ကုန်ရှိ စက်ရုံလုပ်သားများသာမက အခြားအလုပ်သမားများပါ အလုပ်ရှင်အပေါ် မကျေနပ်သည်များကို ဆန္ဒပြလာနိုင်ကြောင်း နေပြည်တော်အလုပ်သမားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးပြောဆိုသည့်အပြင် ယင်းဆန္ဒပြမှုကို ရန်ကုန်လူထုက အလွန်စိတ်ဝင်စားနေကြကြောင်း ရန်ကုန်မြို့ခံတစ်ဦးက ပြောသည်။ (NEJ 040310)
- ကချင်ပြည်နယ် ဖန်းမော်ခရိုင်အတွင်း စစ်ကြောင်းလှုပ်ရှားမှုများ ရှိနေချိန်တွင် ယမန်နေ့ညပိုင်းမှစ၍ အရွယ်ရောက်ဒေသခံလူငယ်များအား စတင်ဖမ်းဆီးမှုများ ပြုလုပ်နေကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (NEJ 040310)
- လာမည့် ဧပြီလဆန်းမှစ၍ နိုင်ငံခြားဖြစ် အရက်၊ ဘီယာ၊ ဝိုင်၊ သောက်ရေသန့်နှင့် စီးကရက်များကို တပုလင်းချင်းအခွန်ဆောင်ပြီးကြောင်း အသိအမှတ်ပြု တံဆိပ်ခေါင်းပါမှသာ ရောင်းချခွင့်ပြုတော့မည်ဖြစ်သည်။ (NEJ 040310)
- မြန်မာအလုပ်သမများ နိုင်ငံတကာ အမျိုးသမီးများနည်းတူ အမျိုးသမီး အခွင့်အရေးများရှိသည်ကို သိရှိစေရန် ရည်ရွယ်ချက်ဖြင့် နှစ် (၁၀၀) ပြည့် နိုင်ငံတကာအမျိုးသမီးများနေ့ကို ထိုင်းအလုပ်သမားအဖွဲ့က မဲဆောက်တွင် ကမကထပြုကျင်းပခဲ့သည်။ (NEJ 040310)
- ကချင်ပြည်နယ်၊ ဟိုပင်မြို့နယ်အတွင်းတွင် မြဝတီရုပ်သံလိုင်း ထုတ်လွှင့်ပြသတော့မည်ဖြစ်သဖြင့် ဒေသခံများကတအိမ်ထောင်လျှင် ကျပ် (၃,၀၀၀) နှုန်းဖြင့် မထည့်မနေရ ငွေပေးနေရသည်။ (NEJ 040310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ)က ဗဟိုဦးစီးအဖွဲ့ဝင်စာရင်းကို ယမန်နေ့က ထုတ်ပြန်ကြေညာလိုက်သည်။ (NEJ 040310)
- ယခုလ (၁၀) ရက်မှ (၁၉) ရက်ထိ ကျင်းပပြုလုပ်မည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲနီးကပ်လာသည့် ကာလတွင် မန္တလေးမြို့တော်၌ လျှပ်စစ်ရရှိမှု တိုးတက်မလာကြောင်း မန္တလေး မြို့သစ်နေသူတဦးက ပြောသည်။ (NEJ 040310)
- ကမ္ဘာကျော် အော်စကာဆုကို မြန်မာနိုင်ငံတွင် စိတ်ဝင်စားမှု နည်းပါးသော်လည်း လာမည့် (၇) ရက်နေ့တွင် ကျင်းပမည့် အော်စကာဆုပေးပွဲကို မြန်မာရုပ်ရှင်ကြည့် ပရိသတ်အများအပြားက စိတ်ဝင်စားနေကြသည်။ (Irrawaddy 040310)
- ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဘင်္ဂလားဒေ့ရှ် သံရုံးရှေ့၌ ဘင်္ဂလားဒေ့ရှ် စာသင်သား သံဃာ ၅၀ ခန့်က ဆန္ဒပြမေတ္တာပို့ပွဲတရပ်ကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ရာ မြန်မာသံဃာ ၁၀ ပါးကျော်လည်း ပါဝင်ခဲ့ကြသည်။ (Irrawaddy 040310)
- အမေရိကန်နှင့် ဘင်္ဂလားဒေ့ရှ် ရေတပ်တို့သည် မြန်မာရေပိုင်နက် အနီးတွင် အင်္ဂါနေ့က စတင်၍ ၃ ရက်ကြာ စစ်ရေးလေ့ကျင့်မှုတရပ်ကို ဆောင်ရွက်နေကြောင်း ဘင်္ဂလားဒေ့ရှ် အခြေစိုက် The Daily Star သတင်းတရပ်တွင် ရေးသားထားသည်။ (Irrawaddy 040310)
- မြန်မာစစ်အစိုးရက ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် နိုင်ငံတကာက စုံစမ်းစစ်ဆေးပေးရန်နှင့် ဒဏ်ခတ်အရေးယူပေးရန် နိုဗဲလ် ဆုရှင်များနှင့်နိုင်ငံတကာ ဥပဒေပညာရှင်များက တောင်းဆိုလိုက်သည်။ (Irrawaddy 040310)
- ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စီးပွားရေး ဖိုရမ်အဖွဲ့ (World Economic Forum) က ၂၀၁၀ ခုနှစ်အတွက် မြန်မာနိုင်ငံဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားနေသူ ဇိုယာဖန်းကို ကမ္ဘာ့လူငယ် ခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်သည်။ (Irrawaddy/ DVB 040310)
- ရန်ကုန် ရွှေပြည်သာမြို့နယ် စက်မှုဇုန်များရှိ စက်ရုံ ၃ ရုံတွင် လုပ်ခလစာ တိုးရေးနှင့် အခြားရပိုင်ခွင့်များအတွက် ယမန်နေ့တွင် အလုပ်သမားများ တောင်းဆိုဆန္ဒပြခဲ့ရာ အလုပ်ရှင်များက လိုက်လျောမှုများ ပြုသဖြင့် ယနေ့တွင် လုပ်ငန်းခွင်သို့ ပြန်ဝင်နေကြကြောင်း အလုပ်သမား အသိုင်းအဝိုင်းနှင့် ဒေသခံများက ပြောသည်။ (Mizzima 040310)
- မေခ-မလိခ မြစ်ဆုံတွင် ရေကာတာ တည်ဆောက်မည်ဖြစ်သဖြင့် အနီးရှိ တန်ထဲရ်ရွာကို ပြောင်းရွှေ့ရန် သဘောတူကြောင်း လက်မှတ်ရေးထိုးရန် မြစ်ကြီးနားမြို့နယ် အာဏာပိုင်များက ကျေးရွာ ဥက္ကဋ္ဌကို ဖိအားပေးခဲ့သည်ဟု ကချင်လူမှုအဖွဲ့အစည်းတခုက ပြောသည်။ (Mizzima 040310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နာဂစ်မုန်တိုင်းသင့် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်ရှိ ကျေးရွာနှစ်ရွာသို့ သောက်ရေသန့်ရရှိရေးအတွက် ကျပ် ၂၃ သိန်း တန်ဖိုးရှိ ရေစစ်ကန်နှင့် ရေစက်များကို ယခုလ ၂ ရက်နေ့တွင် သွားရောက်လှူဒါန်းခဲ့ကြောင်း အဖွဲ့ချုပ် နာဂစ်ကူညီရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းကြိုင်က ပြောသည်။ (Mizzima 040310)
- ချင်းပြည်နယ် ဖလမ်းမြို့ မယက ဥက္ကဋ္ဌ ညွှန်ကြားချက်အရ မြို့နယ်တွင်းရှိ တဆက်တည်း တည်ရှိနေသော ကျေးရွာ ၆ ရွာသည် ပြီးခဲ့သည့် လလည်ခန့်မှ စတင်ကာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကားလမ်းဖောက်နေရသည်။ (Mizzima 040310)
- ပါတီလုပ်ငန်းစဉ်များ ပိုမိုလုပ်နိုင်ရန်ဟု ရည်ရွယ်၍ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က အတည်ပြုခန့်အပ်လိုက်သော ဗဟိုဦးစီးအဖွဲ့ဝင် ၁၀၀ ထဲတွင် နိုင်ငံရေးယုံကြည်ချက်ကြောင့် လက်ရှိထောင်ကျနေသူများလည်းပါဝင်သည်။ (Mizzima 040310)
- တနင်္သာရီတိုင်း ရေဖြူမြို့နယ်အတွင်းရှိ စစ်အစိုးရတပ်များ၏ ညှင်းပန်းနှိပ်စက်မှုကို မခံနိုင်တော့သည့် မွန်လူမျိုးများသည် ထားဝယ်ခရိုင် ထိုင်းနယ်စပ်အနီး မွန်ပြည်သစ်ပါတီ ထိန်းချုပ်နယ်မြေတဂိုက်အတွင်းသို့ ယခုရက်ပိုင်းတွင် ထွက်ပြေးရောက်ရှိလာကြကြောင်း မွန်သတင်းဌာနတစ်ခုဖြစ်သည့် ကောင်းဂါသတင်းဌာန အယ်ဒီတာ နိုင်ဗညား အောင်က ပြောသည်။ (RFA 040310)
- မြန်မာစစ်အစိုးရသည် နိုင်ငံတကာ၏ သဘောထားဆန္ဒများကို ဆက်လက်ဆန့်ကျင်နေသဖြင့် အမေရိကန်အစိုးရ အနေနှင့် ယခုထက်ပို၍ ထိရောက်ပြင်းထန်သည့် မူဝါဒများချမှတ်ရန် လိုအပ်နေကြောင်း အမေရိကန်အောက်လွှတ်တော်ကြားနာပွဲတွင် လွှတ်တော်အမတ် Don Manzullo က တိုက်တွန်းပြောကြားလိုက်သည်။ (RFA 040310)
- ယမန်နေ့က လန်ဒန်ဂက်စ်မင်စတာက ပါလီမန်အဆောက်အဦး တစ်ခုဖြစ်သည့် ပေါ့ကျူးလေ့စ်ဟောက်စ်တွင် မြန်မာနိုင်ငံအကြောင်း ပြဇာတ်တစ်ပုဒ် တင်ဆက်ခဲ့သည်။ (DVB 040310)
- နေအိမ်ပြန်ပြင်မှုကို တားဂရမ်း ထုတ်ပေးရန် အစ်ကိုဖြစ်သူ ဦးအောင်ဆန်းဦးက တရားရုံးထံ တင်ထားသည့်အမှုကို ယနေ့နှစ်ဖက်ရှေ့နေများ လျှောက်လဲချက်ပေးခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေဦးညဏ်ဝင်းကပြောသည်။ (DVB 040310)
- မြန်မာစစ်အစိုးရက မြန်မာအမျိုးသမီးများအပေါ် ကျူးလွန်မှုသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အလွန်ဒေါသထွက်မိကြောင်း မြန်မာအမျိုးသမီးကိုယ်စားလှယ်များကို ပြောကြားလိုက်သည်။ (BBC 040310)
- အသွင်ကူးပြောင်းရေးအတွက်သျှမ်းပြည်မြောက်ပိုင်း လားရှိုးအခြေစိုက်အရှေ့မြောက်တိုင်းစစ်ဌာနချုပ် (ရမခ)တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်အား အပစ်ရပ် SSA ဥက္ကဋ္ဌ ဗိုလ်ချုပ်လွယ်မောင်တဦးသည်း သွားရောက်တွေ့ဆုံခဲ့သည်ဟု လားရှိုးသျှမ်းအသိုင်းအဝိုင်းမှ ဆိုသည်။ (S.H.A.N 040310)
- နွေရာသီကာလတွင် ဧရာဝတီမြစ်ရေ ခမ်းခြောက်လာမှုကြောင့် ကချင်ပြည်နယ်ဗန်းမော်မြို့ရှိ သတ်မှတ်ဆိပ်ကမ်း၌ မြစ်ကြောင်းအတွင်း မန္တလေး - ဗန်းမော် ပြေးဆွဲနေသော သင်္ဘောများ မဆိုက်ကပ်နိုင်တော့ဟု ဆိုသည်။ (S.H.A.N 040310)
- ရခိုင်ပြည် လွတ်လပ်ရေး အင်အားစု ဥက္ကဋ္ဌ ကိုကိုးကျွန်းပြန် ရဲဘော်ကြီး ဦးရွှေကျော်အောင်သည် လူကြီးရောဂါဖြင့် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ကွယ်လွန်သွားခဲ့သည်။ (Narinjara 040310)
- မြန်မာ နစကတပ်ဖွဲ့နှင့် ဘင်္ဂလာဒေ့ရှ် ရိုင်ဖယ်တပ်ဖွဲ့မှ အရာရှိများသည် တက်ကနက်မြို့တွင် နှစ်နိုင်ငံ အလံတင် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီမှ စတင်ပြီး ကျင်းပပြုလုပ်နေသည်ဟု ဆိုသည်။ (Narinjara 040310)

## မတ်လ (၅) ရက်

- မြန်မာနဲ့ မြောက်ကိုရီးယား နိုင်ငံတို့အကြား စစ်ရေးဆက်ဆံရေးတွေ ပိုတိုးလာနေတဲ့အပေါ် စိုးရိမ်တဲ့အကြောင်း အမေရိကန် ပြည်ထောင်စုဘက်က ပြောဆိုတဲ့အသံတွေ ယခုရက်ပိုင်းအတွင်း ထွက်ပေါ်လာသည်။ (VOA 050310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်တိုင်းအတွင်း ကြံ့ဖွံ့အဖွဲ့ဝင်အရေအတွက်မှာ ရန်ကုန်လူဦးရေ၏ တဝက်ကျော်လွန်ပြီဖြစ်ကြောင်းနှင့် လာမည့် ရွေးကောက်ပွဲအတွက် အသင်းသားများကို လိုက်၍စုဆောင်းနေခြင်းဖြစ်ရာ အသင်းဝင်အရေအတွက် ပိုများလာစေရန် ပြုလုပ်သွားဦးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ကြံ့ဖွံ့အဖွဲ့ အကြီးအကဲတဦးက ပြောသည်။ (NEJ 050310)
- ကချင်ပြည်နယ်၊ တာမခံ-ဖားကန့် ကျောက်စိမ်းတွင်း ဒေသတွင် အနယ်နယ်အရပ်ရပ်မှ ကျပန်းအလုပ် လာလုပ်နေသည့် လူငယ်များသည် နအဖစစ်တပ်နှင့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) တို့၏ စစ်သားအဖြစ် စုဆောင်းခံနေရကြောင်း မကြာသေးခင်က ကျောက်စိမ်းတွင်းဒေသမှ ပြန်လာသူ ကျောက်ကုန်သည်တဦးက ပြောသည်။ (NEJ 050310)
- ရန်ကုန် ဆန်စပါးကုန်စည်ဒိုင်တွင် ရွှေဘိုပေါ်ဆန်း ဆန်ကို ရောင်းချခွင့် ပိတ်ပင်လိုက်ကြောင်း ဆန်ကုန်သည်ကြီးများမှ ဆိုသည်။ (NEJ 050310)
- စစ်တပ်က မြန်မာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှတဆင့် နိုင်ငံတကာ ခုံရုံးတင် စစ်ဆေးနိုင်ရန် အမျိုးသမီးနိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်များနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တို့က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံ ယမန်နေ့က တင်ပြလိုက်သည်။ (NEJ 050310)
- မဲဆောက်မြို့နယ်အတွင်း နိုင်ငံခြားခရီးသွားများနှင့် ပြည်တွင်းခရီးသွားများကို အနှောင့်အယှက်ဖြစ်စေသည့်အတွက် မြန်မာတောင်းစားသူ (၁၀၀) ကျော်ကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ဖမ်းဆီးကာ မြန်မာနိုင်ငံ မြဝတီဘက်ခြမ်းသို့ ပြန်ပို့လိုက်သည်။ (NEJ 050310)
- ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမား (၅)သိန်းခန့် အလုပ်လုပ်ခွင့် သက်တမ်းတိုးရန် ပျက်ကွက်သည့်အကြောင်းရင်းကို ထိုင်းအလုပ်သမားဝန်ကြီးဌာန ဝန်ကြီးက အလုပ်သမားရေးရာအဖွဲ့များနှင့် ယနေ့ဆွေးနွေးကြောင်း သိရသည်။ (NEJ 050310)
- စစ်အစိုးရက တောင်းဆိုထားသည့် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေး ပျက်ကွက်ပါက အင်အားအကြီးဆုံး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သော ဝပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် (UWSA) ကို မတရားအသင်းအဖြစ် ကြေညာနိုင်ကြောင်း စစ်ရေးသတင်းရပ်ကွက်မှ ဆိုသည်။ (Irrawaddy 050310)
- ရုရှားနှင့် တရုတ်နိုင်ငံတို့က ၂၀၁၀ ခုနှစ်အတွင်း အရပ်ဘက်သုံး ခရီးသည်တင် လေယာဉ်နှင့် ကုန်တင်လေယာဉ်များ မြန်မာနိုင်ငံသို့ ရောင်းချမည်ဖြစ်ကြောင်း အီတာတာစ် သတင်းဌာနနှင့် Flightglobal ဝက်ဘ်ဆိုဒ်တို့က အသီးသီးဖော်ပြသည်။ (Irrawaddy 050310)
- ကမ္ဘဂါစာ လက်ဝယ်တွေ့ရှိမှုဖြင့် ဖမ်းဆီးထောင်ချခံရသည့် နိုင်ငံရေး လှုပ်ရှားတက်ကြွသူ နော်အုန်းလှအပါအဝင် နိုင်ငံရေးအကျဉ်းသူ ၃ ဦးကို လွန်ခဲ့သည့်ရက်ပိုင်းက အင်းစိန်ထောင်မှ နယ်ဝေးထောင်သို့ ပြောင်းရွှေ့ခဲ့ကြောင်း အင်းစိန်ထောင် အသိုင်းအဝိုင်းနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (Irrawaddy 050310)
- မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း၊ အသစ်လဲလှယ်ခြင်း ကိစ္စများကို ကမ္ဘာတဝန်းရှိ မြန်မာသံရုံးများတွင် ဧပြီလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ တလဆိုင်းငံ့ထားရန် ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်ကြားထားကြောင်း ထိုင်းနိုင်ငံ ဘန်ကောက်ရှိ မြန်မာသံရုံးက ပြောသည်။ (Irrawaddy/ Mizzima 050310)
- မြောက်ကိုရီးယားနှင့် မြန်မာနိုင်ငံ နျူကလီးယား နည်းပညာပူးပေါင်း ဆောင်ရွက်မှုများအတွက် စိုးရိမ် ပူပန်မိကြောင်း အမေရိကန် နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ P. J Crowley က ယခုလ ၃ ရက်နေ့တွင် ပြောကြားလိုက်သည်။ (Irrawaddy 050310)
- အမေရိကန် ဒေါ်လာအတုများ လက်ဝယ်တွေ့ရှိမှုဖြင့် ဖမ်းဆီးထားသည့် ကင်မရွန်းနိုင်ငံသားနှစ်ဦးကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် တရားရုံးက ယမန်နေ့က ထောင်ဒဏ် ၇ နှစ်မှ ၉ နှစ်အထိ ပြစ်ဒဏ်အသီးသီး ချမှတ်လိုက်သည်ဟု လမ်းမတော် မြို့နယ်ရဲစခန်းက ပြောသည်။ (Irrawaddy 050310)
- အိန္ဒိယ-မြန်မာနယ်စပ်နှင့် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း ဒေသများတွင် ခိုအောင်းနေသော အိန္ဒိယခွဲထွက်ရေး သူပုန်များကို နှိမ်နင်းရေးအတွက် နှစ်နိုင်ငံစစ်တပ်များက တိုးမြှင့်လုပ်ဆောင်သွားမည်ဟု အိန္ဒိယစစ်တပ် ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။ (Irrawaddy 050310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com   For evaluation only.



- မြန်မာဆန်များ အရည်အသွေး မပြည့်မီကြောင်း မမှန်မကန် ထုတ်ပြန်ကြေညာခဲ့သည့် ဂါနာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDB)ကို ဆန်တင်ပို့ခဲ့သော သဘော်ာကုမ္ပဏီက တရားစွဲထားကြောင်း ရန်ကုန်မှ စာနယ်ဇင်း သမားတဦးက ပြောသည်။ (Irrawaddy 050310)
- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထောင်စု ဒီမိုကရေစီ မဟာမိတ်အဖွဲ့ ပဒမဖ ဖြစ်မြောက်ရေး ကော်မတီဝင် ၄ ဦးဖြစ်သည့် ဦးရွှေအုံး၊ ဦးသိန်းတင်အောင်၊ ဦးနေမျိုးဝေနှင့် ဦးကိုကိုကြီးတို့ကို  ဥရောပနိုင်ငံ ၄ နိုင်ငံမှ သံအမတ်များက ရန်ကုန်ရှိ ဂျာမဏီသံရုံးတွင် ယနေ့ ခေါ်ယူတွေ့ဆုံခဲ့ သည်။ (Mizzima 050310)
- စစ်အစိုးရက ပြည်သူ့စစ်လုပ်ရန် ဖိအားပေးမှုများရှိသဖြင့် မွန် ၁၀၀ ခန့်သည် အပစ်ခတ်ရပ် မွန်ပြည်သစ်ပါတီထိန်းချုပ်ရာ နယ်မြေအောက်သို့ ဝင်ရောက်ခိုလှုံလာခဲ့သည်ဟု မွန်ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။ (Mizzima 050310)
- လယ်သိမ်းခံရသည့် တောင်သူများကို ကူညီပေးနေသူအတွက် အမှုလိုက်ပေးရင်း ထောင်ကျခံခဲ့ရသော ရှေ့နေကိုဖိုးဖြူမှာ ယနေ့တွင် သရက်ထောင်မှ လွတ်မြောက်လာပြီဖြစ်သည်။ (Mizzima 050310)
- မော်လမြိုင်မြို့တွင် ကြံ့ခိုင်ဖွံ့ဖြိုးရေးနှင့် ဆက်သွယ်ရေးတို့ ပူးပေါင်း၍ CDMA 800 MHz အထိုင်ဖုန်း တယ်လီဖုန်းသစ်များ ငှားရမ်းရန် စီစဉ်နေသည်။ (Mizzima 050310)
- ဘင်္ဂလား-မြန်မာနယ်စပ် ကော့စ်ဘာဇာမြို့တွင် ဘတ်စ်ကားတစီးပေါ်မှ ကာလပေါက်ဈေး တာကာငွေ ၁၀ သိန်းခန့်တန်ဖိုးရှိ ဘိန်းဖြူ စိတ်ကြွဆေးများနှင့်အတူ လူ ၃ ဦးအား စစ်တပ်က ယမန်နေ့တွင် ဖမ်းဆီးရမိခဲ့သည်။ (Mizzima 050310)
- ဒေါ်အောင်ဆန်းစုကြည်က အမွေဆိုင်နေအိမ်ပြင်ဆင်မှုကို ကန့်ကွက်သော ဦးအောင်ဆန်းဦး၏ လျှောက်ထားချက်အရ ရန်ကုန်တိုင်း တရားရုံးတွင် ယမန်နေ့က နှစ်ဖက်ရှေ့နေများ လျှောက်လဲကြသည်။
- ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ထောင်ဒဏ်ကျခံပြီး လွတ်ရက်စေ့သူ မြန်မာ ၄၈ ဦးကို ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များက  မြန်မာဘက်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတခုကို ယမန်နေ့က ပြုလုပ်ခဲ့သည်။ (Mizzima 050310)
- ပဲခူးတိုင်း ရွှေကျင်မြို့နယ်တွင် စစ်အစိုးရဆောက်လုပ်သည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကြောင့် ရေကာတာအထက်ပိုင်းက ကျေးရွာပေါင်း ၂၀ ကျော်နှင့် ခြံမြေများ ရေလွှမ်းမိုးနေသည်။ (DVB 050310)
- ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP က ရန်ကုန်မြို့တွင် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ရာ လက်တလော ဖြစ်ပေါ်နေသည့် အလုပ်သမားဆန္ဒပြမှုများ၊ မြေမြုပ်မိုင်း ဆန့်ကျင်ရေးကိစ္စ၊ ပြည်တွင်းစစ် ကျယ်ကျယ်ပြန့်ပြန့် ထပ်မံဖြစ်ပွားလာနိုင်သည့် ကိစ္စ၊ စစ်အစိုးရ၏ စက်ရုံအလုပ်ရုံ လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုမှု ကိစ္စများ ဆွေးနွေးခဲ့ကြသည်။ (DVB/ RFA 050310)
- ယခုလ ၁၀ ရက်နေ့မှစ၍ တက္ကသိုလ်ဝင်တန်း စာမေးပွဲစတင် ဖြေဆိုတော့မည်ဖြစ်သဖြင့် စာမေးပွဲဖြေဆိုခွင့်လက်မှတ်ရရန် စာစစ်ဌာနများကို ငွေကြေးနစ်ခံပေးနေရသည့်အတွက် မတတ်နိုင်သည့် ကျောင်းသားအချို့ အခက်အခဲတွေ့နေရသည်။ (DVB 050310)
- နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင် အရှေ့တီမောသမ္မတ Jose Romos-Horta သည် နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးတောင်းဆိုသည့် စာတစ်စောင်ကို မြန်မာအစိုးရကို ပေးပို့ရန် လက်မှတ်ရေးထိုး လှုပ်ရှားမှုတစ်ရပ်ကို ယမန်နေ့က ဗြိတိန်နိုင်ငံ ဘရက်ဖို့တက္ကသိုလ်တွင် ကျင်းပခဲ့သည်။ (DVB 050310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာဂစ်မုန်တိုင်းဒုက္ခသည် ကူညီကယ်ရေးကော်မတီက ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်အတွင်းက ကျေးရွာနှစ်ရွာတွင် စက်ရေတွင်း ၂ တွင်း တည်ဆောက်လှူဒါန်းမှု ပြီးစီးခဲ့ကြောင်း နာဂစ်ဒုက္ခသည် ကူညီရေးကော်မတီ ဥက္ကဌ ဦးအုန်းကြိုင်က ပြောသည်။ (RFA 050310)
- မြန်မာနိုင်ငံတွင် ငွေစက္ကူအကြွေရှားပါးမှု အခြေအနေ သိသိသာသာ ဆိုးဝါးနေကာ ဟောင်းရိနွမ်းစုတ်ညစ်ပေနေသည့် ငွေစက္ကူများကို သုံးစွဲနေကြရသည့်အတွက် ပြည်သူများ နေ့စဉ် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့်အပြင် ကူးစက်ရောဂါများ ပျံ့နှံ့ဖြစ်ပွားမည်ကို ကျွမ်းကျင်သူများက စိုးရိမ်နေကြသည်။ (RFA 050310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာအမျိုးသမီးများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ရာဇဝတ်မှု ကျူးလွန်မှုများနှင့်ပတ်သက်၍ နယူးယောက်မြို့တွင် ကျင်းပခဲ့သည့် ကြားနာပွဲက သက်သေထွက်ဆိုချက်များကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)နှင့် နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင် အမျိုးသမီးများက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကို ယမန်နေ့က ပေးအပ်ခဲ့သည်။ (RFA 050310)
- အေးရှားပေါ့ကုမ္ပဏီပိုင် သတ္တုစက်ရုံတည်ဆောက်ရေး စီမံကိန်းကြောင့် တစ်နှစ်အတွင်း သျှမ်းပြည်(မြောက်ပိုင်း) နမ္မတူမြို့နယ် ဆိုက်ခေါင်ကျေးရွာအုပ်စုမှ တောင်သူများ၏ ခြံမြေ ဧက ၂၀၀ ခန့် လက်လွှတ်ဆုံးရှုံးရကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 050310)
- မဲခေါင်မြစ် ရေခန်းခြောက်သဖြင့် တရုတ်ပြည် ဝင်ထွက်သည့်ကုန်စည်များ ကုန်းလမ်းခရီး ပြန်လည်အားထားလာခြင်းကြောင့် မိုင်းလားမြို့တကျော့ ပြန်လည်စည်ကားလာသည်ဟု ခရီးသွားများက ပြောသည်။ (S.H.A.N 060310)
- မိုးခေါင်သည့်နှစ်နှင့် ကြုံနေရ၍ ကရင်နီပြည်သူများအပေါ် စစ်အစိုးရမှ စပါးအခွန်ကောက်မှုများအပြင် အခြားသီးနှံများကိုလည်း အခွန်ကောက်မှုများ ရှိသောကြောင့် ဒေသခံပြည်သူများ အခက်အခဲနှင့် ရင်ဆိုင်ရပြီး စိတ်ဆင်းရဲမှုနှင့် ခံစားနေကြရသည်ဟု လယ်သမားများက ပြောသည်။ (Kantarawaddy 050310)
- ကရင်ပြည်သူများအား ရန်သူသဖွယ် တိုက်ခိုက်နေသည့် နအဖ စစ်အစိုးရကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအနေဖြင့် ဟန့်တားပေးပါရန် မေတ္တာရပ်ခံသည့် ကြေညာချက်စာတစောင် ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)က ယမန်နေ့၌ ထုတ်ပြန်လိုက်သည်။ (KIC 050310)

## မတ်လ (၆) ရက်

- ပဲခူးမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်များ ရန်ကုန်အဖွဲ့ချုပ်ဗဟို ထိပ်ခေါင်းဆောင် ၂ ဦးဖြစ်သည့် ဦးတင်ဦးနှင့် ဦးဝင်းတင်တို့ကို အိမ်တိုင်ရာရောက် သွားရောက်ဂါရဝပြုခဲ့သည်။ (DVB 060310)
- ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO ရန်ကုန်ရုံးတာဝန်ခံ စတိဗ်မာရှယ်သည် မကွေးတိုင်း အောင်လံမြို့ကို ယနေ့သွားရောက်ကွင်းဆင်းလေ့လာ၍ ဒေသခံတောင်သူများနှင့် တိုက်ရိုက်တွေ့ဆုံကာ အခက်အခဲပြဿနာများကို မေးမြန်းမှတ်သားခဲ့သည်။ (DVB 060310)
- ဒေါ်အောင်ဆန်းစုကြည် လက်ရှိနေထိုင်ရာ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း ခြံအမှတ် (၅၄) (၅၆) ထဲက မြေကွက်အချို့ကို သူမ၏ခွင့်ပြုချက်မပါဘဲ လွှန်ခဲ့သည့် ၂၀၀၉ ခုနှစ် ဇူလိုင်လအတွင်း ရောင်းချခဲ့မှုနှင့်ပတ်သက်၍ ဆွေမျိုးတော်စပ်သူ ဦးခင်မောင်အေးကို လာမယ့်လအတွင်း ဒေါ်အောင်ဆန်းစုကြည်က တရားစွဲဆိုရန် စိုင်းပြင်းနေသည်။ (RFA 060310)
- ရန်ကုန်တိုင်းအတွင်း စက်မှုဇုန်များတွင် ယခုရက်ပိုင်းအတွင်း ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပေါ်နေရာ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် စက်မှုဇုန် (၁)က SGI အထည်ချုပ်စက်ရုံအမည်နှင့် စက်ရုံ (၄) ရုံတွင် ပုံမှန်ရနေကျ ဘောနပ်ကြေးနှင့် ရှားပါးစရိတ်ဖြတ်တောက်ခံရမှုကို မကျေနပ်သည့်အတွက် အလုပ်သမားများစုက ယနေ့ ဆန္ဒပြခဲ့ကြသည်။ (RFA 060310)
- မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဖင်လန်နိုင်ငံ Savo ခရိုင်က ချီးမြှင့်သည့် ရွှေ့ပြောင်းအခြေချဆိုင်ရာ အမျိုးသမီးထူးချွန်ဆုကို မြန်မာနိုင်ငံအမျိုးသမီး မမေမျိုးသွင်က ဆုချီးမြှင့်ခံရသည်။ (RFA 060310)
- မြန်မာနိုင်ငံနှင့် ပတ်သက်၍ အထူးဆက်ဆံနေပါကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ဖစိဖိတ်ရေးရာလက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell က ပြောကြားလိုက်သည်။ (RFA 060310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## မတ်လ (၅) ရက်

- မြန်မာစစ်အစိုးရနှင့် တရုတ်အာဏာပိုင်များက တရားမဝင်သစ်ခိုးထုတ်မှုများကို ကန့်သတ်ပိတ်ပင်ထားသည်ဆိုသော်လည်း ယခုတလော မြန်မာပြည်မှသစ်များ တရုတ်နိုင်ငံဘက်သို့ နယ်စပ်မှတဆင့် အလုံးအရင်း ခိုးထုတ်နေကြကြောင်း ကချင်ပြည်နယ် ဒေသခံသစ်ကုန်သည်များက ပြောသည်။ (RFA 070310)
- ဆန်ဖရန်စစ္စကိုအခြေစိုက် မိုးမခမီဒီယာနှင့် မြန်မာမိတ်ဆွေများက အမေရိကန်ပြည်ထောင်စု အင်ဒီယားနားပြည်နယ် ဖို့ဝိန်းမြို့တွင် နေထိုင်သည့် နိုင်ငံကျော်အဆိုတော် ဒေါ်မာမာအေးကို ယမန်နေ့က ဂါရဝပြုခဲ့ကြသည်။ (RFA 070310)
- မြန်မာနိုင်ငံတွင်း လူနည်းစုလူမျိုးစုဒေသတွေမှာ မြန်မာစစ်တပ်ရဲ့ထိုးစစ်ကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးပြီး ထိုင်းနယ်စပ်တလျှောက် ဒုက္ခသည်စခန်းတွေမှာ နေထိုင်နေကြရသူတွေ၊ မြန်မာနိုင်ငံတွင်းမှာပဲ တောတောင်တွေထဲမှာ လှည့်လည် ပုန်းအောင်းနေကြရသူတွေအတွက် အကူအညီတွေ တိုးမြှင့်ပြီး ဆက်ပေးသွားမယ်လို့ ကနေဒါအစိုးရက ကြေညာလိုက်သည်။ (VOA 070310)
- ကရင်ပြည်နယ်အတွင်းမှာ ၂၀၁၀ ပြည့်နှစ် နှစ်ဆန်းပိုင်းလောက်ကစပြီး စစ်အစိုးရတပ်တွေက ထိုးစစ်ဆင်တိုက်ခိုက်မှုများ များပြားလာကြောင်း ထိုင်း-မြန်မာနယ်စပ် စစ်ရေးအခြေအနေ လေ့လာသူများက ဆိုသည်။ (VOA 070310)

## မတ်လ (၈) ရက်

- နိုင်ငံတကာ အမျိုးသမီးများနေ့ကို ကမ္ဘာ့အနှံ့အပြားတွင် ယနေ့ကျင်းပကြရာ ဗြိတိန်နိုင်ငံ Oxford တွင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုမည့်အကြောင်း အစီအစဉ်ဦးဆောင်သူ Ann Mobbs က ပြောသည်။ (BBC 080310)
- အကောင်းဆုံး မှတ်တမ်းရုပ်ရှင် အော်စကာဆုအတွက် လျာထားခြင်းခံရသော ဘားမားဗီဂျေ ဇာတ်ကားသည် အော်စကာဆုပေးပွဲတွင် ဆန်ခါတင်စာရင်းဝင် အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း အဆိုပါအခမ်းအနားသို့ မြန်မာသံဃာတော် (၂) ပါး တက်ရောက်ခွင့်ရရှိခဲ့သည်။ (NEJ 080310)
- ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း စစ်အစိုးရပိုင် ရုပ်မြင်သံကြား (MRTV)နှင့် ရေဒီယိုများက ယနေ့ ညနေ (၄) နာရီတွင် ကြေညာလိုက်သည်။ (NEJ/ RFA/ Mizzima/ Irrawaddy 080310)
- ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်းမှ တရားမဝင်ခုတ်လှဲထားသည့် သစ်များကို တဖက် တရုတ်နိုင်ငံသို့ ပြီးခဲ့သည့် စနေ၊ တနင်္ဂနွေ ရက်ပိုင်းက အလုံးအရင်းဖြင့် သယ်ထုတ်နိုင်ခဲ့ပြီး ယင်းသို့ သယ်ထုတ်ရန်အတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ) တိုင်းမှူး၊ မိုးမိတ်ဗျူဟာမှူးနှင့် နယ်မြေခံအာဏာပိုင်များအား လာဘ်ငွေပေးခဲ့ရသည်ဟု ဆိုသည်။ (NEJ 080310)
- မြန်မာနိုင်ငံတွင် ကျင်းပတော့မည့် ရွေးကောက်ပွဲသည် နိုင်ငံ၏ ပြည်တွင်းရေးပြဿနာများကို ပြေလည်အောင် ဖြေရှင်းနိုင်မည်မဟုတ်ဘဲ ဒီမိုကရေစီကို သွေဖည်သည့် ဟန်ပြရွေးကောက်ပွဲသာဖြစ်မည်ဟု ထိုင်းအထက်လွှတ်တော်အမတ် နိုင်ကရိုင်ဆတ် ချွန်ဟာဗန်က မဲဆောက်မြို့၌ သတင်းထောက်များကို ပြောကြားသည်။ (NEJ 080310)
- ယခုလ (၅) ရက်မှ (၇) ရက်အထိ ရန်ကုန်၊ ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ပြုလုပ်သည့် မြန်မာ့စက်မှုပြပွဲ ၂၀၁၀ ၌ နိုင်ငံခြားဖြစ် ကုန်ပစ္စည်းများကိုသာ အဓိကပြသခဲ့ကြပြီး လာရောက်ကြည့်ရှုသူများကလည်း နိုင်ငံခြားဖြစ်များကိုသာ ပိုမို စိတ်ဝင်စားကြသည်။ (NEJ 080310)
- ယာဉ်မောင်းလိုင်စင် အတုများစွာ ထွက်ရှိနေသည်ဟူသော အကြောင်းပြချက်ဖြင့် မူလလိုင်စင်အဟောင်းများကို ပြန်လည် သိမ်းဆည်းကာ ပုံစံပြောင်း လိုင်စင်ကတ်အသစ်များ မတ်လ (၁၀) ရက်တွင် စတင်လဲလှယ်ပေးရန် စီစဉ်လျက်ရှိကြောင်း နေပြည်တော် ကညနမှ အရာရှိတဦးက အတည်ပြုပြောကြားသည်။ (NEJ 080310)
- စစ်အစိုးရ လေလံပစ်သည့် ပြည်သူပိုင် စီးပွားရေး လုပ်ငန်းများအနက်မှ အမြတ်အစွန်းများရန် သေချာသော လုပ်ငန်းကြီးများကို မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က တိုက်ရိုက်လွှဲပြောင်း ရယူလျက်ရှိသည်။ (Irrawaddy 080310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်မြို့ တောင်ဒဂုံ စက်မှုဇုန် ၁ ရှိ SGI အထည်ချုပ်စက်ရုံ၌ အလုပ်သမား ၄၀၀၀ ခန့်က လုပ်ခတိုးပေးရေးအတွက် ယခုလ ၆ ရက်နေ့က အလုပ်မဆင်းဘဲ ဆန္ဒပြခဲ့ရာ နာရီပိုင်းအကြာတွင် အလုပ်ရှင်က လိုက်လျောသဖြင့် ပြေလည်မှု ရရှိခဲ့သည်။ (Mizzima 080310)
- စစ်အစိုးရ ရုံးစိုက်ရာ နေပြည်တော်တွင် မတ်လ ၆ ရက်နေ့ မွန်းလွဲပိုင်းက လေပြင်းတခု လှုပ်ခတ်သွားခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနက ပြောကြားသည်။ (Mizzima 080310)
- စစ်အစိုးရ မြောက်ပိုင်းတိုင်းမှ စစ်တပ်များသည် ကချင်ပြည်နယ်အတွင်း ဘိန်းစစ်ဆင်ရေး ဆောင်ရွက်ရန် စီစဉ်နေသည်ဟု စစ်တပ်နှင့်နီးစပ်သူများက ပြောသည်။ (RFA 080310)
- ယခုတလော ရန်ကုန်မြို့ရှိ စက်မှုဇုန်များမှ အလုပ်သမားများသည် ၎င်းတို့၏ အခွင့်အရေးများအတွက် ဆန္ဒပြတောင်းဆိုနေကြရာ ယခုလ ၈ ရက်နေ့ နံနက်ပိုင်း၌လည်း လှိုင်သာယာစက်မှုဇုန်ရှိ လပ်ကီးဖိနပ်စက်ရုံတွင် အလုပ်သမားများ စုပေါင်းဆန္ဒပြခဲ့ကြသည်။ (RFA 080310)
- ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်ရာနယ်မြေအတွင်းရှိ ကျေးရွာသားများကို မြန်မာစစ်အစိုးရနှင့် တိုးတက်သော ဗုဒ္ဓဘာသာကရင်တပ်မတော်တို့က ပေါ်တာဆွဲသည့် အပြင် ညှင်းပမ်းနှိပ်စက်မှုများ ပြုလုပ်သည်။ (NMG 080310)

## မတ်လ (၉) ရက်

- မြန်မာနိုင်ငံမှတဆင့် နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများ အကောင်အထည် ဖော်ဆောင်ရေးတွင် တနင်္သာရီတိုင်း၊ ထားဝယ်မြို့အနီးရှိ ထားဝယ် ရေနက်ဆိပ်ကမ်း စီမံကိန်း ဆောက်လုပ်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ (NEJ 090310)
- ယနေ့ နေ့လယ်ပိုင်းတွင် ရှမ်းပြည်မြောက်ပိုင်း၊ နမ်းခမ်းမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြံ့ခိုင်ရေးအသင်းမှုဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံစဉ် စစ်အစိုးရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က "မကြာမီကျင်းပတော့မည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးကြရန်" ပြောကြားလိုက်သည်။ (NEJ 090310)
- ယခုလဆန်းမှစပြီး ရန်ကုန် အင်းစိန် စီအိုင်ဒီဝင်း ပတ်ပတ်လည် ဘုရင့်နောင်လမ်းမကြီးနှင့် အင်းစိန်ဘူတာရုံလမ်း ဘေးတလျှောက်ရှိ ဆိုင်ခန်း (၁၀၀) ကျော်ကို အာဏာပိုင်များ၏ ညွှန်ကြားချက်အရ ဖြိုချဖျက်ဆီးနေကြောင်း ဆိုင်ပိုင်ရှင်အချို့က ပြောသည်။ (NEJ 090310)
- နအဖစစ်အစိုးရက မတ်လ (၈) ရက်နေ့စွဲဖြင့် ထုတ်ပြန်သည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေ ယနေ့ထုတ် နအဖအစိုးရ သတင်းစာများတွင် ဖော်ပြထားသည်။ (NEJ 090310)
- ရန်ကုန်တွင် မီတာကိုအသုံးမပြုသော စီအန်ဂျီ တက္ကစီများကို ယာဉ်ထိန်းတပ်ဖွဲ့က စစ်ဆေးတွေ့ရှိလျှင်သော်လည်းကောင်း၊ ခရီးသည်က မီတာဖြင့် အသုံးမပြုသည်ကို တိုင်လျှင်သော်လည်းကောင်း အမှန်တကယ် အရေးယူမှု ပြုလုပ်နေသည်ဟု ရန်ကုန်တိုင်း ကြို့မဲ့၊ ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး၏ တာဝန်ရှိသူက ပြည်တွင်းသတင်းမီဒီယာများကို ခေါ်ယူပြောကြားလိုက်သည်။ (NEJ 090310)
- ဦးတေဇ၏ ထူးကုမ္ပဏီ လက်အောက်ခံ ရေဒယ်လ်တာကုမ္ပဏီထံမှ မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေယူထားသော ဒေးဒရဲ၊ ဖျာပုံနှင့် ကျိုက်လတ်ဒေသခံ တောင်သူတို့သည် ငွေသားအစား စပါးကို ကာလပေါက်ဈေးဖြတ်၍ ပြန်ဆပ်ရမည်ဆိုခြင်းကြောင့် တောင်သူလယ်သမားများ မကျေမနပ် ဖြစ်နေကြသည်။ (NEJ 090310)
- စစ်အစိုးရက၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို ထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း ယမန်နေ့က ကြေညာလိုက်သည့်အတွက် ယနေ့ထုတ် သတင်းစာများ ရောင်းဈေးမှာ နံနက်ပိုင်းတွင်ပင် ၂ ဆခန့်တက်သွားခဲ့ပြီး ရောင်းအားလည်း ပုံမှန်ထက် တက်သွားခဲ့သည်။ (Irrawaddy 090310)
- ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်မြို့ ဆောက်လုပ်ရေး လုပ်ငန်းခွင်တခုတွင် ထိုင်းရဲများက ဂင်ရောက် ဖမ်းဆီးသဖြင့် ထွက်ပြေးကြရင်း မြန်မာမိန်းကလေး ၂ ဦး ရေနစ်သေဆုံးခဲ့ရသည်ဟု သေဆုံးသူ မိန်းကလေးများ၏ အစ်ကို ကိုနောင်က ပြောသည်။ (Irrawaddy 090310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲ ကော်မရှင်သို့ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင် လျှောက်ထားရန် ပျက်ကွက်ပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပြက်ပျယ်မည်ဟု နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေက ဆိုသည်။ (Irrawaddy 090310)
- ထိုင်းစစ်သားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားသော မြန်မာပြည်သား ကလေး ၃ ဦး အမှုနှင့် ပတ်သက်ပြီး ထိုင်းအစိုးရကို ချက်ချင်းစုံစမ်းစစ်ဆေးပေးရန် အမေရိကန်နိုင်ငံ အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့ (Human Rights Watch - HRW) က တောင်းဆိုလိုက်သည်။ (Irrawaddy 090310)
- ရန်ကုန် စည်ပင်သာယာ နယ်နမိတ်အတွင်း ရဲ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးနှင့် ထောက်လှမ်းရေး ဝန်ထမ်းများကို စီးနင်းခွင့်ပြန်လည်ပေးထားလိုက်ပြီ ဖြစ်ကြောင်း လမ်းပမ်းဆက်သွယ်မှု လုံခြုံရေး ကော်မတီက ပြောသည်။ (Mizzima 090310)
- နိုင်ငံပိုင် သတင်းစာများတွင် "ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ" ကို ယနေ့ ဖော်ပြခဲ့သော်လည်း မျှော်မှန်းထားသလောက် သတင်းစာများ အရောင်းမြင့်တက်ခြင်း မရှိသည်မှာ ပြည်သူလူထုအကြား ရွေးကောက်ပွဲ စိတ်ဝင်စားမှု လျော့ပါးနေကြောင်း ထင်ဟပ်နေသည်။ (Mizzima 090310)
- စစ်အစိုးရ ကျင်းပမည့် ရွေးကောက်ပွဲအတွက် ဥပဒေများကို ထုတ်ပြန်လိုက်သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ရွှေဂုံတိုင် ကြေညာစာတမ်းကိုပင် ဆက်လက်ဆုပ်ကိုင်သွားမည်ဟု အန်အယ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြောသည်။ (Mizzima 090310)
- ယခုလ ၄ ရက်နေ့တွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် တရားရုံးတွင် ထောင်ဒဏ် ၃ နှစ် ကျခံနေရသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် ဗကသ ခေါင်းဆောင်တဦးဖြစ်သူ ကိုကျော်ကိုကိုသည် နောက်တိုးအမှုတမှုနှင့် ရင်ဆိုင်နေရကာ ၎င်းအမှုသည် မည်သည့်အမှုမှ မသိရသေးကြောင်း မိခင် ဒေါ်စိုးစိုးသော်က ပြောသည်။ (Mizzima 090310)
- ကျင်းပမည့် ယခုနှစ် ရွေးကောက်ပွဲအတွက် ပြင်ဆင်သည့် အနေဖြင့် စစ်အစိုးရက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ထုတ်ပြန်လိုက်ရာ ထောင်ကျနေသည့် အတိုက်အခံများကို ရွေးကောက်ပွဲမဝင်ရန် စစ်အစိုးရက တားမြစ်ထားသည်။ (Mizzima 090310)
- တရားမဝင် နေထိုင်မှုဖြင့် လွန်ခဲ့သော ၃ လခန့်က ဖမ်းဆီးခံခဲ့ရသော ၃၅ နှစ်အရွယ် ကိုဆန်းဦး (ခ) မောင်အေး (ထောင်ဝင်နံပါတ် ၄၆၃၈)သည် နေထိုင်မကောင်းသဖြင့် ယခုလ ၃ ရက်နေ့တွင် မလေးရှားနိုင်ငံ ပီနန်မြို့ အကျဉ်းထောင်မှ Aloster ဆေးရုံသို့ ပို့ဆောင်ပြီး ၄ ရက်နေ့ နံနက်တွင် ကွယ်လွန်သွားခဲ့သည်။ (Mizzima 090310)
- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက မြန်မာစစ်အစိုးရ ပြုလုပ်မည့် ရွေးကောက်ပွဲသည် အများလက်ခံယုံကြည်နိုင်မှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်စရာ ဖြစ်နေကြောင်း ရေးသားထားသည့် စာတစ်စောင်ကို လွန်ခဲ့သည့် ၁၀ ရက်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပေးပို့ခဲ့ကြောင်း ယခုလ ၈ ရက်နေ့က ပြောကြားလိုက်သည်။ (RFA 090310)
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းတွေက ရိုဟင်ဂျာ မွတ်ဆလင်တွေဟာ အစာရေစာ ရှားပါးပြတ်လပ်မှုနဲ့ ရင်ဆိုင်နေရတယ်ကြောင်း အမေရိကန်ပြည်ထောင်စုအခြေစိုက် လူ့အခွင့်အရေးဆိုင်ရာ ဆရာဝန်များအဖွဲ့ Physicians for Human Rights ၏ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။ (VOA 090310)
- နအဖစစ်အစိုးရက ယခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲသည် ၎င်းတို့အတွင်း ပါဝင်နေသည့် တာဝန်ရှိသူများလည်း ရွေးကောက်ပွဲဝင်မည်ဟု သတင်းထွက်ပေါ်နေသဖြင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲနှင့် မတူကွဲပြားမှုများ ရှိနေသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်ဆွေက သုံးသပ်သည်။ (VOA 090310)
- ကရင်ပြည်နယ် မြောက်ပိုင်း တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်အတွင်း လှုပ်ရှားနေသည့် နအဖစစ်တပ်ဖွဲ့ဝင်များသည် တိပ်ပုကျေးရွာအုပ်စုမှ လူနေအိမ် (၄)လုံးနှင့် ဥယျာဉ်ခြံများကို ယခုလ ၄ရက်နေ့က မီးရှို့ဖျက်ဆီးခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (KIC 090310)
- မွန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်မှ ပဲခူးအလုပ်သမား (၁၄) ဦးကို အလုပ်သမားခေါင်းက လုပ်အားခရှင်းမပေးဘဲ မတ်လ (၆) ရက်နေ့တွင် သုံးခွမြို့ကားဂိတ်တခုတွင် ထားခဲ့သည့်အတွက် အခက်တွေ့နေရသည်။

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



(Yoma3 090310)

- ယခုလ ၈ ရက်နေ့က လှိုင်သာယာစက်မှုဇုန် အမှတ် (၂) Lucky ဖိနပ်စက်ရုံ၌ အလုပ်သမား ၅၀၀ ခန့် လုပ်အားခများ လုံလုံလောက်လောက် ရရှိရန်နှင့် အချိန်ပိုကြေးများရရှိရန်အတွက် ရန်ကုန်ပုသိမ်လမ်းမကြီးတွင် ဆန္ဒပြတောင်းဆိုခဲ့ရာ အာဏာပိုင်နှင့် စက်ရုံတာဝန်ရှိသူများ ညှိနှိုင်းကာ ချက်ချင်းလိုက်လျောပေးခဲ့သည်။ (RFA 090310)
- စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံရေးပြဿနာအတွက် အဖြေမဟုတ်ကြောင်း ကနေဒါနိုင်ငံရှိ မြန်မာ့ဒီမိုကရေစီအင်အားစုများက ယခုလ ၈ ရက်နေ့၌ ပြောဆိုလိုက်သည်။ (RFA 090310)
- မြန်မာစစ်အစိုးရက ယခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပနိုင်ရန် ခြေလှမ်းတစ်ရပ်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကို စတင်ထုတ်ပြန်လိုက်ပြီဖြစ်သော်လည်း အပစ်ရပ်အဖွဲ့များ အခြေစိုက်ထားသည့် တရုတ်-မြန်မာနယ်စပ်တွင် စစ်ရေးအရ တိုးမြှင့်လှုပ်ရှားမှုများ ရှိလာခြင်းကြောင့် ၎င်းဒေသများတွင် စိုးရိမ်ရသည့် အခြေအနေမျိုး ရောက်ရှိနေသည်။ (VOA 090310)
- စစ်တွေမြို့တွင် လျှပ်စစ်မီးအားကို လျှော့ပေးနေသဖြင့် ၁၀ တန်း ဖြေဆိုမည့် ကျောင်းသားများ စာဖတ်ရန် အခက်တွေ့နေရကြောင်း စစ်တွေမြို့မှ ကျောင်းသားတဦးက ပြောသည်။ (Narinjara 090310)
- ဘင်္ဂလားဒေ့ရှ် နိုင်ငံရောက် မြန်မာဒုက္ခသည်များသည် ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ကူညီထောက်ပံ့မှုများ ဖြတ်တောက်ထားခြင်းကြောင့် အလွန်ဒုက္ခရောက်နေကြသည်။ (DVB 090310)

## <u>မတ်လ (၁၀) ရက်</u>

- မြန်မာစစ်အစိုးရ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဥပဒေသည် မြန်မာ့နိုင်ငံတွင် အဓိကကျသည့် နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားအင်အာစုများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုမရှိဘဲ တဘက်သတ် ထုတ်ပြန်လိုက်ခြင်းကြောင့် လာမည့်ရွေးကောက်ပွဲအပေါ် ယုံကြည်လက်ခံနိုင်ရန်ခက်ခဲကြောင်းနှင့် စိုးရိမ်မိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် P.J Crowley က ပြောသည်။ (VOA/ Irrawaddy 100310)
- နအဖထုတ်ပြန်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေသည် အန်အယ်လ်ဒီပါတီကို ရပ်တည်ခွင့်မပေးသည့် သဘောဆောင်နေကြောင်းနှင့် NLD ရွေးကောက်ပွဲ ဝင်ရေးမဝင်ရေးထက် ပါတီရပ်တည်ရေး ဆုံးဖြတ်ရန်လိုဟု ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သူ ဦးဝင်းတင်က ပြောကြားလိုက်သည်။ (NEJ 100310)
- စက်မှုဇုန်များနှင့် ပတ်သက်သော ပြဿနာများကို ဖြေရှင်းပေးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒု-ဗိုလ်ချုပ်ကြီး မြင့်ဆွေက ပြောကြားခဲ့သော်လည်း အလုပ်ရှင်နှင့်မပြေလည်သေးသည့် စက်ရုံများရှိနေသေးကြောင်း အလုပ်သမားနှင့် စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ အသိုင်းအဝိုင်းမှ ဆိုသည်။ (NEJ 100310)
- ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) ထိန်းချုပ်ရာ နယ်မြေအနီးတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် (မပခ) လက်အောက်ခံတပ်အချို့နှင့် ဒေသခံအာဏာပိုင်များ ပါဝင်သည့်စစ်ကြောင်းများဖြင့် ဘိန်းခင်းဖျက်ဆီးရေး ပြုလုပ်နေသည်။ (NEJ 100310)
- ကြက်ငှက်တုပ်ကွေးကြောင့် ကြက်ခြံများ ခြံရှင်းသုတ်သင်ပစ်လိုက်ရပြီး လျော်ကြေး၊ ထောက်ပံ့ကြေး တစုံတရာ မရခြင်းကြောင့် နိုင်ငံအဟုမ်း ကြက်မွေးမြူရေး လုပ်ငန်းရှင်များ စီးပွားပျက်ပြီး လုပ်ငန်းပြန်လည်တည်ထောင်ရန် အရင်းနှီးမဲ့ ဖြစ်နေကြရသည်။ (NEJ 100310)
- မြန်မာနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အနည်းငယ်ဟောင်းသည့် ဒေါ်လာများကို လက်မခံခြင်းကြောင့် ပြင်ပ မှောင်ခိုဈေးကွက်တွင်လည်း ဒေါ်လာအနွမ်း လက်မခံသည့် ပြဿနာ၊ ဈေးနိမ်သည့်ပြဿနာ ဖြစ်ပေါ်နေသည်။ (NEJ 100310)
- ယနေ့ထုတ် နအဖသတင်းစာတွင်ပါရှိသော ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ရန်ကုန် ပြည်သူတို့ စိတ်ဝင်တစားဖတ်ရှုကြကာ မကျေမနပ်ဖြစ်နေကြကြောင်း ရန်ကုန်သတင်းရပ်ကွက်က ဆိုသည်။ (NEJ 100310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဧပြီလမှစ၍နောက်ပိုင်းတွင် လာရောက်မှတ်ပုံတင်မည့် လိုင်စင်မဲ့ ဆိုင်ကယ်များကို ဒၚကြေးငွေ (၂၀) ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံမည် ဖြစ်ကြောင်း နေပြည်တော် ကညနရုံးက မတ်လ ဒုတိယပတ်အတွင်း တရားဝင်ထုတ်ပြန်သည်။ (NEJ 100310)
- နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို စစ်အစိုးရက ထုတ်ပြန် ကြေညာခဲ့ပြီးနောက် နိုင်ငံရေး ပါတီတချို့ မှတ်ပုံတင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေသည်။ (Irrawaddy 100310)
- ပြည်တွင်း လိုအပ်ချက်အရ တရုတ်ရေအားလျှပ်စစ် ကုမ္ပဏီတခုမှ လျှပ်ဓာတ်အား ဝယ်ယူ ဖြန့်ဖြူးနေသည်ဟု အမှတ် (၁) ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးခင်မောင်ဦးက ပြောသည်။ (Irrawaddy 100310)
- တခါသုံး ဖုန်းကတ်များကို စီးပွားရေး လုပ်ငန်းရှင် ဦးတေဇ၏ Central Marketing ကုမ္ပဏီမှ ထိန်းချုပ် ဖြန့်ချိနေသည့်အတွက် သုံးစွဲသူများအနေဖြင့် ပြင်ပဈေးကွက်တွင် ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူနေရကြောင်း ရန်ကုန်မြို့ခံတဦးက ပြောသည်။ (Irrawaddy 100310)
- ရွေးကောက်ပွဲ ဥပဒေကို စစ်အစိုးရက ထုတ်ပြန်နေဆဲမှာပင် ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို မပြင်လျှင် ရွေးကောက်ပွဲမဝင်ဟု ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ALD က ပြောဆိုလိုက်သည်။ (Mizzima 100310)
- စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲ မဝင်နိုင်ရန် ရွေးကောက်ပွဲဥပဒေထုတ်၍ တားဆီးလိုက်ခြင်းသည် လက်ခံနိုင်စရာ မရှိကြောင်း အရှေ့အာရှနဲ့ ပစိဖိတ်ဒေသရေးရာ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး (ကာ့တ် ကမ်းဘဲလ်) Mr. Kurt Campbell က ပြောသည်။ (Mizzima/ DVB 100310)
- ဒေါ်အောင်ဆန်းစုကြည်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပူပူနွေးနွေး ဗဟိုဦးစည်းအဖွဲ့ CC အဖွဲ့ဝင် ၁၁ ဦးသည်စစ်အစိုးရက ထုတ်ပြန်လိုက်သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကြောင့် ထုတ်ပယ်ပြီးသား ဖြစ်သွားသည်ဟု NLD ပြန်ကြားရေးဌာနမှ ဦးအုန်းကြိုင်က ပြောသည်။ (Mizzima 100310)
- ထောင်ဒဏ် နှစ် ၂၇ ကျခံနေရသည့် အတိုက်အခံ သတင်းဌာန ဒီဗီဘီ သတင်းထောက် မလှလှဝင်း အမှုအတွက်မကွေးတိုင်း တရားရုံးတွင် ယခုလ ၈ ရက်နေ့ အယူခံလွှာတင်ခဲ့ကြောင်း ရှေ့နေ ဦးမြင့်သွင်က ပြောသည်။ (Mizzima 100310)
- တချိန်က ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့အထည်ချုပ်လုပ်ငန်းသည် အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုကြောင့် အခြေအနေ ဆိုးရွားလာကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြထားသည်။ (DVB 100310)
- မြန်မာစစ်အစိုးရမှ ထုတ်ပြန်ကြေညာခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်ပတ်သက်၍ ပြည်တွင်းအတိုက်အခံ တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသည့် ဦးအေးသာအောင်၊ ဦးစိုင်းလိတ်နှင့် ဦးပုကျင်ရှင်းထန်တို့က လက်မခံနိုင်ကြောင်း ပြောကြားလိုက်သည်။ (RFA 100310)
- မကွေးမြို့ မေဃဝတီလမ်းက စိုးစံဘော်ဒါဆောင်ရှေ့တွင် ဂစ်တာတီး၍ သီချင်းသီဆိုနေသည့် တက္ကသိုလ်ကျောင်းသားများသည် ယခုလ ၈ ရက်နေ့ညက နအဖ အသုံးချခံလက်ကိုင်တုတ် ရဲများလာရောက် ရိုက်နှက်ဖမ်းဆီးသွားခဲ့သည်။ (RFA 100310)
- စစ်အစိုးရ ရွေးကောက်ပွဲ ဥပဒေအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေနှင့် ခေါင်းဆောင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကို ပါတီကထုတ်ပယ်ရမည့် အခြေအနေရောက်သွားကြောင့် ပါတီပြောခွင့်ရ ဦးဉာဏ်ဝင်းက ပြောသည်။ (RFA 100310)
- ယခုလ ၈ ရက်နေ့ ရက်စွဲဖြင့် စစ်အစိုးရ ထုတ်ပြန်လိုက်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ အကျဉ်းကျနေသည့် နိုင်ငံရေးသမားများ ပါဝင်သည့် ပါတီများကို ဖျက်သိမ်းရမည်ဟု အတိအလင်း ဖော်ပြထားသည်။ (RFA 100310)
- မြန်မာစစ်အစိုးရ ထုတ်ပြန်ကြေညာလိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသည် ဒေါ်အောင်ဆန်းစုကြည်အပေါ်ကန့်သတ်မှုများ လွန်ကဲနေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ (VOA 100310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာစစ်အစိုးရ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို တိုင်းရင်းသားနိုင်ငံရေး အင်အားစုများအတွက် ပါတီမှတ်ပုံတင်ရန်နှင့် ရွေးကောက်ပွဲဝင်ရန် အခက်အခဲဖြစ်စေကြောင်း တိုင်းရင်းသားနိုင်ငံရေးအင်အားစုများ အသိုင်းအဝိုင်းက ဆိုသည်။ (VOA 100310)
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာပြည်နိုင်ငံရေးတွင် အဓိက အခန်းကဏ္ဍ၌ ပါဝင်ခွင့်ပေးရန် အမေရိကန်က ထပ်မံတောင်းဆိုလိုက်သည်။ (VOA 100310)
- မြန်မာစစ်အစိုးရက ယခုနှစ်ကျင်းပမည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ ထုတ်ပြန်လိုက်သည့် တချိန်တည်း၌ပင် အဓိကအတိုက်အခံပါတီတစ်ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ တိုင်းနှင့်ပြည်နယ်ရုံး အတော်များများကို ပြန်လည်ဖွင့်လှစ်ခွင့် ပေးလိုက်သည်။ (VOA 100310)
- သျှမ်းပြည်မြောက်ပိုင်း မဘိန်း၊ မိုးမိတ်မြို့နယ်နှင့် ကချင်ပြည် ရွှေကူ၊ မံစီမြို့နယ်များရှိ ကြိုးဝိုင်းသစ်တောအတွင်းမှ ကျွန်းသစ်ကားအစီး ၇၀၀ ကျော် ယခုလ ၅ ရက်နေ့မှစ၍ တရုတ်နယ်စပ်သို့ ခိုးထုတ်တင်ပို့နေကြောင်း သစ်ကုန်သယ် အသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N/ KNG 100310)
- မတ်လ ၁ ရက်နေ့မှ ၆ ရက်နေ့ထိ ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (ကေအိုင်အို) အရာရှိများ အရေးတကြီးတွေ့ဆုံကာ ဗဟိုကော်မတီအစည်းဝေး ကျင်းပခဲ့သော်လည်း အစည်းအဝေးရလဒ် ထုတ်ပြန်ကြေငြာခြင်းမရှိသေးခင်တွင် နအဖနှင့် KIO အကြား တင်းမာမှုများရှိလာ၍ စစ်ရေးပြင်ဆင်မှုများ ရှိနေသည်။ (KNG 100310)
- ကရင်တိုင်းရင်းသားများအပေါ် နအဖ စစ်တပ်၏ မတရားဖိနှိပ်သတ်ဖြတ်နေမှုများ ရပ်တန့်ပေးရန် နိုင်ငံ (၁၀)နိုင်ငံသို့ ရောက်ရှိနေသည့် ကရင်လူမှုအသိုင်းအဝိုင်းများက မတ်လ (၉)ရက်နေ့တွင် သက်ဆိုင်ရာနိုင်ငံများဆီမှ နအဖစစ်အစိုးရထံ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ (KIC 100310)

## မတ်လ (၁၁) ရက်

- မြန်မာစစ်အစိုးရက ထုတ်ပြန်လိုက်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက် အခက်အခဲ ဖြစ်စေမှုမျိုးများ ရှိနေသော်လည်း ပါတီအနေနဲ့ ဒီအခက်အခဲတွေကို ကျော်လွှားနိုင်စရာ နည်းလမ်းတွေ တွေ့လိမ့်မယ်လို့ ယုံကြည်ကြောင်း NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောကြားလိုက်သည်။
(VOA 110310)
- မြန်မာစစ်အစိုးရ ထုတ်ပြန်ကြေညာလိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအပေါ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းက ထပ်မံပြစ်တင်ဝေဖန်လိုက်သည်။ (BBC 110310)
- ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို)နဲ့ စစ်အစိုးရကြား နယ်ခြားစောင့်တပ်ဖွဲ့ ညှိနှိုင်းဆွေးနွေးလို့ အဖြေမရခင်မှာ နှစ်ဖက်ကြား ပြည်တွင်း စစ်ပြန်ဖြစ်လာရင် ထွက်ပေါ်လာမည့် ကချင်စစ်ပြေးများအတွက် ဒုက္ခသည် စခန်းများကို တရုတ်အစိုးရ ကြိုတင် ပြင်ဆင်နေကြောင်း တရုတ်နယ်စပ်ဒေသခံများက ပြောသည်။ (KNG 110310)
- ရွေးကောက်ပွဲတွင် ကရင်နီပြည်အတွက်ကိုယ်စားပြုပြီး ဝင်ရောက်ယှင်ပြိုင်နိုင်ရေးအတွက် ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) အဖွဲ့အစည်းမှ ရန်ကုန်မြို့တွင် ပါတီမှတ်ပုံတင်ရန်နှင့် ပါတီနာမည်ပေးနိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ကရင်နီပြည်နယ် နိုင်ငံရေးအကြောင်းနှင့် ပတ်သက်ပြီး လေ့လာစောင့်ကြည့်သူတဦးက ပြောသည်။ (Kantarawaddy Times 110310)
- ရခိုင်ပြည် လွတ်မြောက်ရေးပါတီ ALP မှ နအဖ စစ်အစိုးရက ၂၀၁၀ ခုနှစ်တွင် ပြုလုပ်မည့် ရွေးကောက်ပွဲကို လုံးဝဆန့်ကျင်ကြောင်း မတ်လ ၁၀ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်သော သဘောထား ကြေညာချက်တွင် ဖေါ်ပြသည်။ (Narinjara 110310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ပါတီအထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် ယနေ့တွေ့ဆုံခွင့်ရရှိကာ ယခုလက်ရှိပေါ်ပေါက်နေသည့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ရာ ဒေါ်အောင်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဆန်းစုကြည်က "၎င်းဥပဒေသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် ရည်ညွှန်းရေးဆွဲထားခြင်းဖြစ်ကြောင်းနှင့် အင်မတန်ရှက်စရာကောင်းကြောင်း" ပြောကြားခဲ့သည်ဟု ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောကြားသည်။
(NEJ / Irrawaddy/ 110310)

- မတ် (၁၆) ရက် နံနက်တွင် ကျင်းပမည့် ရန်ကုန်မြို့၊ ဗဟိုအမျိုးသား သွေးလှူဘဏ် အဆောက်အအုံသစ်ဖွင့်လှစ်ပွဲသို့ အလှူရှင်ဖြစ်သူ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံနှင့်အဖွဲ့ တက်ရောက် ချီးမြှင့်မည်ဟု အမျိုးသားသွေးလှူဘဏ် တာဝန်ရှိသူတဦးက အတည်ပြုပြောကြားသည်။ (NEJ 110310)
- မြန်မာနိုင်ငံ၌ လျှောင်ကြီးများ လှူပ်ခတ်ခဲ့သည့် လျှောင်ကြောများမှာ မလှုပ်ခတ်ဘဲ နှစ်များစွာကြာမြင့်နေပြီဖြစ်၍ အထူးသတိထားရန် လိုအပ်နေပြီဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောကြားလိုက်သည်။ (Irrawaddy 110310)
- လွန်ခဲ့သည့် ဖန်နဝါရီလအထိ ရန်ကုန် ကမ္ဘာအေးရှိ သာသနာထွန်းကားပြန့်ပွားရေး ဦးစီးဌာန (ပြည်ပ)တွင် သံဃာတော် ပြည်ပထွက်ခွာခွင့် ထောက်ခံချက် ထုတ်ပေးခဲ့သော်လည်း ဖေဖော်ဝါရီလမှ အစပြုကာ နေပြည်တော် သာသနာရေး ဝန်ကြီးဌာနအထိ သွားရောက်တောင်းခံနေကြရကြောင်း သံဃာတော်များက ပြောသည်။
(Irrawaddy 110310)
- စစ်အစိုးရထုတ်ပြန်သော ရွေးကောက်ပွဲဥပဒေသည် နိုင်ငံရေးပါတီများအပေါ်တွင် ကန့်သတ်မှုများခြင်းနှင့် တရားမျှတမှု မရှိခြင်းကြောင့် ကျေနပ်မှုမရှိကြောင်းနှင့် ကန့်ကွက်လိုကြောင်း ရန်ကုန်မြို့ခံများက ပြောဆိုကြသည်။
(Irrawaddy 110310)
- ရွေးကောက်ပွဲနှင့် သက်ဆိုင်သော ဥပဒေများကို ယခုလ ၉ ရက်နေ့မှ စတင်၍ နေ့စဉ် ထုတ်ပြန်လျက်ရှိရာ ယနေ့ ထပ်မံထုတ်ပြန်သည့် ဥပဒေ အခန်း(၁၆)၊ ၉၁(ခ)တွင် ကျင်းပပြီးခဲ့သော ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှု မရှိတော့သည့်အတွက် ယင်းရွေးကောက်ပွဲ ရလဒ်များ အလိုအလျောက်ပျက်ပြယ်ကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေက ဆိုသည်။
(Irrawaddy 110310)
- စစ်အစိုးရထံမှ ငွေကြေးတစုံတရာမယူကြောင်း ငြင်းဆိုလိုက်ကာ သူ၏ပါတီအနေဖြင့် ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအေးလွင်က ပြောဆိုလိုက်သည်။ (Mizzima 110310)
- အဖွဲ့ဝင် ၁၇ ဦးပါ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို နအဖ အတွင်းရေးမှူး ၁ ဒု-ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက လက်မှတ်ရေးထိုး ထုတ်ပြန်သောကြေညာချက်တွင် တရားရုံးချုပ်မှ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်၍ အဖွဲ့ဝင်များသည် ဦးအင်ဇော်နော်၊ ဦးခင်မောင်နု၊ ဦးစိုးဘလှိုင်၊ ဒေါက်တာဘမောင်၊ ဦးညွန့်တင်၊ ဦးမောင်သာလှ၊ ဦးစိုင်းခမ်လှိုင်၊ ဦးအောင်မြင့်၊ ဦးမြင့်နိုင်၊ ဒေါက်တာတင်အောင်အေး၊ ဦးသာဦး၊ ဒေါက်တာမောင်ထူး၊ ဦးသာငွေး၊ ဦးဝင်းကြည်၊ ဒေါက်တာမြင့်ကြည်နှင့် ဒေါ်ခင်လှမြင့်တို့ ဖြစ်ကြသည်။ (Mizzima 110310)
- ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးပါတီတရပ်တွင် ပါတီဝင်မဖြစ်နိုင်ရုံသာမက တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက် အရွေးခံခွင့် မပြုသည်မှာ ပိုမို ထင်ရှားသွားပြီ ဖြစ်သည်။ (Mizzima 110310)
- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ ထုတ်ပြန်နေချိန် နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က သျှမ်းပြည်မြောက်ပိုင်း ခရီးစဉ်တွင် တိုင်းရင်းသားအမည်ခံ စစ်ဗိုလ်ချုပ်များကို ခေါ်ဆောင်ကာ ပြည်သူများအနေဖြင့် နိုင်ငံရေးပါတီဖြစ်လာမည့် ကြံ့ဖွံ့အသင်းအား မဲပေးကြရန် စည်းရုံးဟောပြောခဲ့သည်။ (S.H.A.N 110310)
- ရွေးကောက်ပွဲဥပဒေ ထုတ်ပြန်ပြီးနောက် စစ်အစိုးရအား ဆန့်ကျင်သည့် ဆန္ဒပြပွဲများ ပေါ်ပေါက်လာမည်ကို စိုးရိမ်သဖြင့် ရခိုင်ပြည်နယ်အတွင်း လုံခြုံရေး တင်းကြပ်ထားရန် သက်ဆိုင်ရာမှ လုံထိန်းတပ်ရင်းများအား ညွှန်ကြားချက် ထုတ်ပြန်လိုက်သည်ဟု အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ပြောသည်။ (Narinjara 110310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## မတ်လ (၁၂) ရက်

- မြန်မာနိုင်ငံတွင် ယာဉ်မောင်းလိုင်စင်အတုများစွာ ပေါ်ထွက်လာသောကြောင့် တနိုင်ငံလုံးရှိ ယာဉ်မောင်းလိုင်စင်များကို လေဆာစနစ်သုံး လိုင်စင်ကတ်အဖြစ် မတ်လ ( ၁၀ ) ရက်မှစ၍ လဲလှယ် ထုတ်ပေးနေပြီဖြစ်ကြောင်း နေပြည်တော် ကညနက သတင်းထုတ်ပြန်လိုက်သည်။ (NEJ 120310)
- စစ်အစိုးရ၏ပစ်ခတ်မှုကြောင့် စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော် ကျဆုံးခဲ့သည်မှာ မတ်လ (၁၃) ရက် မနက်ဖြန်၌ (၂၂) နှစ်ပြည့်မြောက်မည်ဖြစ်ပြီး ကျောင်းသားလှုပ်ရှားမှုများကြောင့် စစ်အစိုးရ အကျဉ်းထောင်များတွင် ယနေ့ကာလအထိ ကျောင်းသား (၂၄၀) ခန့် အကျဉ်းကျခံနေရဆဲဖြစ်သည်။ (NEJ 120310)
- ယနေ့ ကျရောက်သည့် ဦးတင်ဦး (၈၃) နှစ်ပြည့် မွေးနေ့နှင့် ဦးဝင်းတင်၏ (၈၀) နှစ်ပြည့် မွေးနေ့တွင် NLD ရုံးချုပ်၌ လူငယ်များစုပေါင်းကာ ဂါရဝပြုကန်တော့ပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ ဦးတင်ဦးနှင့် ဦးဝင်းတင်က မွေးနေ့ပွဲတွင် လူငယ်များကို နိုင်ငံအရေး၊ လူမှုရေးများတွင် ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ လုပ်ကိုင်ကြရန်နှင့် တိုက်ပွဲဝင်ကြရန် တိုက်တွန်းလိုက်သည်။ (NEJ/ Irrawaddy 120310)
- ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို)၏ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေး လက်ခံမခံ အဖြေပေးရမည့် တွေ့ဆုံဆွေးနွေးပွဲအား မြစ်ကြီးနားမြို့ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ယနေ့ပြုလုပ်သည် အမည်မဖော်လိုသည့် KIO အရာရှိက အတည်ပြုပြောသည်။ (NEJ/ Irrawaddy/ RFA 120310)
- မြန်မာစစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် လူသားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှု မြောက်နိုင်သည့်အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့တရပ် ဖွဲ့စည်းစစ်ဆေးသွားရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနားက အဆိုတင်သွင်းလိုက်သည်။ (NEJ/ Mizzima/ RFA 120310)
- မွန်ပြည်သစ်ပါတီဥက္ကဋ္ဌကြီးအပါအဝင် ထိပ်ပိုင်းခေါင်းဆောင် (၉) ဦးနှင့် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် ယခုလအတွင်း တွေ့ဆုံနိုင်ရန် အရှေ့တောင်တိုင်းစစ်ဌာနချုပ် (ရတခ) တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက တောင်းဆိုထားကြောင်း မွန်ပြည်သစ်ပါတီမှ ဆိုသည်။ (NEJ 120310)
- သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ ယနေ့ကျရောက်သည့် အသက် (၈၀) နှစ်ပြည့်မွေးနေ့ပွဲ အထိမ်းအမှတ်အဖြစ် ဆရာကြီးထောင်မှလွတ်ပြီး ပထမဆုံး ရေးသားထုတ်ဝေသော ဆောင်းပါးများကို စုစည်းထားသည့် ဘာလဲဟဲ့လူ့ငရဲ စာအုပ်ကို ဒီမိုကရက်တစ်မြန်မာ့အသံ (ဒီဘီဗွီ)က ယနေ့စတင် ထုတ်ဝေဖြန့်ချိလိုက်သည်။ (NEJ 120310)
- ယမန်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးညဏ်ဝင်းတို့ ၂ နာရီကြာတွေ့ဆုံရာတွင် ဒေါ်အောင်ဆန်းစုကြည်က "ရွှေဂုံတိုင်ကြေညာစာတမ်းကို ဟောပြောဆွေးနွေးကြရန်နှင့်၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အဘယ့်ကြောင့် လက်မခံသင့်ကြောင်း ဆွေးနွေးကြရန်" ညွှန်ကြားခဲ့သည်ဟု ဦးညဏ်ဝင်းက ပြောသည်။ (Irrawaddy 120310)
- ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဟု တရားဝင်ကြေညာထားသော ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးသုဝေ၊ ပြည်ထောင်စု ဒီမိုကရေစီ မဟာမိတ်အဖွဲ့မှ ခေါင်းဆောင် ဦးရွှေအုန်းနှင့် အဖွဲ့ဝင် ကိုနေမျိုးဝေတို့က ရွေးကောက်ပွဲဥပဒေအပေါ် သုံးသပ်ပြောဆိုချက်များကို လွတ်လပ်စွာ ရေးသားဖော်ပြခွင့်မရှိကြောင်း ရန်ကုန်အခြေစိုက် ဂျာနယ်သတင်းရပ်ကွက်များမှ ဆိုသည်။ (Mizzima/ Irrawaddy 120310)
- ဒေသအတွင်း ခရီးလှည့်လည်သွားရောက်နေသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကင်းဘဲလ်သည် မြန်မာနိုင်ငံကို လာရောက်လည်ပတ်နိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးက အတည်ပြုပြောကြားသည်။ (Mizzima 120310)
- စစ်အစိုးရ၏ ရွေးကောက်ပွဲဥပဒေက စီးပွားရေးနှင့် နိုင်ငံရေးကြောင့် ပြည်ပတွင် ပြန့်နှံ့ရောက်ရှိနေသော မြန်မာသန်းပေါင်းများစွာ၏ အခြေခံအခွင့်အရေးကို ဖြည့်ဆည်းပေးရန် ပျက်ကွက်နေသည်။ (Mizzima 120310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဒေါ်အောင်ဆန်းစုကြည်ကို လာမည့်ရွေးကောက်ပွဲတွင် မပါဝင်နိုင်အောင် မြန်မာစစ်အစိုးရက ကန့်သတ်လိုက်ခြင်းကို ကြည့်ခြင်းအားဖြင့် စစ်အစိုးရနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့် အမေရိကန်၏မူဝါဒသစ်သည် မအောင်မြင်သည့် သဘောရှိကြောင်း အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell ပြောကြားလိုက်သည်။ (RFA/ VOA 120310)
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးကာ အမျိုးသားပြန်လည် ရင်ကြားစေ့ရေး အတွက် တွေ့ဆုံဆွေးနွေးရန်အတွက် စကင်နေးဗီးယန်း နိုင်ငံခြားရေးဝန်ကြီးများက နအဖစစ်အစိုးရကို တောင်းဆို လိုက်သည်။ (RFA 120310)
- နအဖစစ်အစိုးရသည် အခြေခံ လူ့အခွင့်အရေးများကို အာမခံချက်ပေးထားသည့် ဖွဲ့စည်းပုံနှင့် အုပ်ချုပ်ခြင်းမဟုတ် ကြောင်း ယခုလ ၁၁ ရက်နေ့ထုတ် အမေရိကန်အစိုးရ၏ ၂၀၀၉ ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာတွင် ဖော်ပြထား သည်။ (RFA 120310)
- မြစ်ကြီးနား အကျဉ်းထောင်တွင် ထောင်ဒဏ် ၂ နှစ်ကျော် အကျခံနေရသည့် သုံးရောင်ခြယ် ကျောင်းသားများအဖွဲ့က ကိုမြတ်စံကို ယခုလ ၁၀ ရက်နေ့က ပြန်လွှတ်ပေးလိုက်ကြောင်း ကံယကံရှင်က ပြောသည်။ (RFA 120310)
- မြန်မာစစ်အစိုးရမှ ကျင်းပရန်ပြင်ဆင်နေသည့် ရွေးကောက်ပွဲအတွက် ထုတ်ပြန်လိုက်သည့် ဥပဒေသည် မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားအတိုက်အခံ ခေါင်းဆောင်များကို ပါဝင်ခွင့်မပေး သည့်အပေါ် ဝမ်းနည်းမိကြောင်းနှင့် ၎င်းရွေးကောက်ပွဲသည် အတုအယောင်ဖြစ်ကြောင်း အာဆီယံအဖွဲ့ဝင် ခေါင်း ဆောင်များက ပြောဆိုလိုက်သည်။ (VOA 120310)
- မြန်မာစစ်အစိုးရက ထုတ်ပြန်လိုက်တဲ့ ရွေးကောက်ပွဲဥပဒေတွေသည် မြန်မာနိုင်ငံဒီမိုကရေစီရေးအတွက် ဖြစ်မနေဘဲ လွဲမှားတဲ့လမ်းကြောင်းကို ဦးတည်နေကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအား ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရေးရန် EU ဥရောပပါလီမန် ဥက္ကဋ္ဌ ဂျာဇီဘူးဇက် (Jerzy Buzek)က ပြောကြားလိုက် သည်။ (VOA 120310)
- ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၎င်းတို့ခေါင်းဆောင် (၂) ဦးဖြစ်သည့် ဦးခွန်ထွန်းဦးနှင့် ဦးစိုင်းညွန့်လွင်တို့ကို နအဖမှ ပြန်လွှတ်မပေးမချင်း ပါတီမှတ်ပုံတင်ကိစ္စနှင့် ရွေးကောက်ပွဲကိစ္စကို စဉ်းစားမည်မဟုတ်ကြောင်း ပါတီပြောခွင့် ရပုဂ္ဂိုလ် ဦးစိုင်းလိုက်က ပြောကြားလိုက်သည်။ (BBC 120310)
- ကချင်လွတ်လပ်ရေးအဖွဲ့ KIO မှ ထွက်ကာ တည်ထောင်ထားသည့် Kachin State Progressive Party ကချင်ပြည် နယ်တိုးတက်ရေးပါတီက ရွေးကောက်ပွဲဝင်ရန် သေချာပြင်ဆင်သွားမည်ဟု KIO နိုင်ငံခြားရေးဌာန ဒုတာဝန်ခံ ဗိုလ်မှူးကြီး ဂျိမ်းစလန်ဒေါင်းက ပြောသည်။ (BBC 120310)
- ယခုတပတ်အတွင်း ဂနယ်အနီး နအဖ တပ်များချဉ်းကပ်လာသကဲ့သို့ ဝ တပ်အဖွဲ့ အကြီးအကဲများကလည်း ယခုလ ၂ ရက်နေ့က မည်သည့်အဖွဲ့မဆို မိမိထိန်းချုပ်နယ်မြေ သတ်မှတ်မျဉ်းအတွင်းခြေ ၁၀ လှမ်းမျှကျွံဝင်လာပါက မိမိ ကိုယ်မိမိကာကွယ်ရန်အတွက် ပစ်မိန့်ထပ်ပေးထားကြောင်း ဝ အရာရှိတဦးက ပြောပါသည်။ (S.H.A.N 120310)
- မွန်တိုင်းရင်းသားများ ဦးဆောင်ကာ မြန်မာစစ်အာဏာရှင်များအား ဆန့်ကျင်ရှုတ်ချသည့်အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံနှင့် အလံတော်အား နင်းချေမီးရှို့ဖျက်ဆီးသည့် အခမ်းအနားတစ်ရပ်ကို အမေရိကန်ပြည်ထောင်စု၊ အိုဟိုင်ယိုးပြည်နယ်၊ အိုင်ခရွန်မြို့၌ ယမန်နေ့က ကျင်းပခဲ့သည်။ (Kaowao 120310)

## မတ်လ (၁၃) ရက်

- "ဒီမိုကရေစီနိုင်ငံဖြစ်ဖို့၊ တိုင်းရင်းသားများ အခွင့်အရေးရဖို့ နိုင်ငံရေးအရဆက်ပြီး ကြိုးပမ်းရမယ့်အကြောင်း၊ နိုင်ငံရေး လုပ်တယ်ဆိုတာ ရွေးကောက်ပွဲဝင်မှ နိုင်ငံရေးပါတီရှိမှ၊ တရားဝင်ပါတီရှိမှ နိုင်ငံရေးလုပ်လို့ရတယ်လို့ မခံယူ" ဟု ရခိုင်မျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးသာအောင်က ပြောသည်။ (BBC 130310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို စစ်အစိုးရက ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အမျိုးသားနိုင်ငံရေး မဟာမိတ်အဖွဲ့ချုပ် အပါအဝင် ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်၊ ပြည်ထောင်စု ဒီမိုကရေစီ မဟာမိတ်အဖွဲ့ စသည့် နိုင်ငံရေးပါတီ ၇ ဖွဲ့ခန့်က မှတ်ပုံတင်ရန် အစီအစဉ်ရှိသည်။ (Irrawaddy 130310)
- နအဖစစ်အစိုးရ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရ ဥပဒေသည် တရားမျှတမှု မရှိသည့်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် စုစည်းထားသည့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု မဒတက ကန့်ကွက်ရှုတ်ချကြောင်း မတ်လ ၁၃ ရက်နေ့ နေ့စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (DVB 130310)
- ယနေ့မတ်လ ၁၃ ရက်နေ့တွင် ကျရောက်သည့် (၂၂) နှစ်မြောက် ကိုဖုန်းမော် ကျဆုံးခြင်း အခမ်းအနားတစ်ရပ်ကို ထိုင်း-မြန်မာနယ်စပ်တစ်နေရာတွင် ၁၉၈၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားဟောင်းများက ဦးဆောင်ကျင်းပခဲ့သည်။ (Yoma3/ DVB 130310)
- စစ်ကိုင်းတိုင်း မုံရွာမြို့အနောက်မြောက်ဘက် မိုင် ၇၀ ခန့်အကွာတွင် ဗဟိုပြု၍ ယနေ့နံနက်ပိုင်းက ရစ်ချ်တာစကေး ၅.၄ ပြင်းအားရှိ ငလျင်တစ်ခု လှုပ်သွားခဲ့ကြောင်း အမေရိကန် ဘူမိဗေဒ လေ့လာရေးဌာနက သတင်းထုတ်ပြန်လိုက်သည်။ (DVB 130310)
- နအဖစစ်အစိုးရ တောင်းဆိုထားသည့်အတိုင်း နယ်ခြားစောင့်တပ် အသွင်ပြောင်းထားသည့် ကိုးကန့်တပ်ဖွဲ့နှင့် နအဖ အကြား ဆယ်သွယ်ရေးတာဝန်ယူထားသည့် ကိုးကန့်အရာရှိ လင်စန်းသည် ယခုလ ၁၁ ရက်နေ့က လားရှိုးမြို့ အမှတ် (၆) ရပ်ကွက်ရှိ ၎င်းနေအိမ်၌ လုပ်ကြံသတ်ဖြတ်ခံလိုက်သည်။ (DVB 130310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံဥပဒေကို ဘာကြောင့်လက်မခံသင့်ကြောင်းနှင့် ရွှေဂုံတိုင် ကြေညာစာတမ်းကို အဖွဲ့ဝင်များအပါအဝင် မဟာမိတ်အဖွဲ့အစည်းများနှင့် ပြည်သူလူထုအကြားတွင် ချပြဆွေးနွေး သွားမည်ဖြစ်ကြောင်း NLD ဒု-ဥက္ကဌ ဦးတင်ဦးက ပြောသည်။ (RFA 130310)
- မြန်မာစစ်အစိုးရက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ထုတ်ပြန်ပြီးသည့်နောက် ယခင်က ချိတ်ပိတ်ထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးခွဲများကို ပြန်လည်ဖွင့်လှစ်ခွင့် ပေးနေသော်လည်း ရန်ကုန်တိုင်းအတွင်းက မြို့နယ်အချို့တွင် တားမြစ်မှုများရှိနေသည်ဟု ရန်ကုန်တိုင်းစည်း ဒု-ဥက္ကဌ ဒေါက်တာသန်းငြိမ်းက ပြောသည်။ (RFA 130310)
- ကရင်ပြည်နယ်၊ မြဝတီမြို့တွင် လိုင်စင်ရရှေ့နေတဦးအား ငွေကျပ်တစ်ထောင်တန်အတုကို လက်ဝယ်ထားရှိမှု ပုဒ်မ ၄၈၉-က ဖြင့် ယမန်နေ့က ဖမ်းဆီးချုပ်နှောင်လိုက်သည်ဟု ရဲစခန်းနှင့် နီးစပ်သည့် အသိုင်းအဝိုင်းများမှ ဆိုသည်။ (KIC 130310)

## မတ်လ (၁၄) ရက်

- ကယားပြည်နယ် လွိုင်ကော်အကျဉ်းထောင်တွင် အကျဉ်းကျနေသည့် ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တစ်ဦး ဖြစ်သည့် ကိုမြအေး အသက် ၄၄ နှစ်ပြည့်မွေးနေ့ ဆုတောင်းပွဲတစ်ရပ်ကို ၎င်း၏သမီး ဝေနှင်းပွင့်သုန်က ဦးဆောင်၍ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပခဲ့သည်။ (DVB 140310)
- ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် ယနေ့၌ မြန်မာပြည်အတွက် ကမ္ဘာလုံးဆိုင်ရာ ဆုတောင်းပွဲနေ့ Global Day of Prayer for Burma ဆိုသည့် ခေါင်းစဉ်ဖြင့် အခမ်းအနားတစ်ရပ် ကျင်းပပြုလုပ်ခဲ့ကြသည်။ (RFA 140310)
- ထိုင်း-မြန်မာနယ်စပ်တစ်နေရာတွင် ယနေ့နံနက်ပိုင်းက ရွေးကောက်ပွဲဥပဒေ သုံးသပ်ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ရာ ၂၀၀၈ ဖွဲ့စည်းပုံနှင့် ကြားဖြတ်အစိုးရဖွဲ့ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ MPU က ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP ကို တိုက်တွန်းတောင်းဆိုလိုက်သည်။ (DVB 140310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးများကို စစ်အစိုးရက မတ်လ ၁၀ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည့် အထဲက ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြို့နယ် ပါတီအဖွဲ့ဝင်များကို မြို့နယ် မယက ဥက္ကဌ ဦးကိုကိုလှိုင်က ယခုလ ၁၂

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ရက်နေ့တွင် ဆင့်ခေါ်ကာ ပါတီဝင်များ သေဆုံးပျက်ကွက်မှုများရှိနေသဖြင့် သတ်မှတ်လူဦးရေထက် လျော့နည်းသွားသည့်အတွက် လက်ရှိမြို့နယ်စည်းအဖွဲ့သည် ပျက်ပြယ်သွားပြီဟု ပြောဆိုလိုက်သည်။ (RFA 140310)

- မြန်မာနိုင်ငံအတွင်း နအဖ စစ်တပ်တို့၏ ဖိနှိပ်မှုကို ခံနေရသော တိုင်းရင်းသားများအားလုံး လွတ်မြောက်ရေးအတွက် ရည်စူး၍ ကရင်ပြည်နယ်၊ ဂင်းရေးမြို့နယ်ရှိ ကျေးရွာ(၁၀)ရွာမှ ဒေသခံရွာသားပေါင်း (၃၀၀)ကျော်စုပေါင်းကာ ယနေ့ ညနေ ၇း၀၀ နာရီအချိန်တွင် ဆုတောင်းပွဲတရပ် ပြုလုပ်ခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (KIC 140310)

## မတ်လ (၁၅) ရက်

- ရွေးကောက်ပွဲဥပဒေ ထုတ်ပြန်ပြီးနောက် ရန်ကုန်မြို့တွင်း မြို့နယ်များနှင့် စည်ပင်ဧရိယာအတွင်းရှိ အခြားမြို့နယ်တို့တွင် လုံခြုံရေးတိုးမြှင့်ချထားကြောင်း ရန်ကုန်မြို့ခံများက ပြောသည်။ (NEJ 150310)
- ယမန်နေ့က ထိုင်း-မြန်မာနယ်စပ် မယ်ဟောင်ဆောင်ခရိုင် သူးမွဲမြို့နယ်အနီးရှိ သံလွင်မြစ်နှင့် သောင်းရင်းမြစ် မြစ်ဆုံအငူတွင် ထိုင်း-မြန်မာ ဒေသခံရွာသား (၃၀၀) ခန့်က ဟတ်ကြီးရေကာတာစီမံကိန်းကို ရပ်တန့်ပေးရန် ထိုင်းနှင့်မြန်မာ အစိုးရများကို ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ (NEJ 150310)
- ယခုလတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံရေးပြဿနာများနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အနေဖြင့် ဆက်လက်မှတ်ပုံတင်ရေးကိစ္စနှင့် ရွေးကောက်ပွဲ ဝင်မဝင် စသည့်ကိစ္စတို့ကို ယနေ့ စီအီးစီအဖွဲ့ဝင်များက ဆွေးနွေးကြခြင်းဖြစ်ကာ အဆုံးအဖြတ် ယခုလ ၂၉ ရက် ဗဟိုဦးစီးအဖွဲ့ CC အစည်းအဝေး၌ သိရမည်ဖြစ်သည်ဟု ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ (NEJ/ Irrawaddy 150310)
- မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် တရားမဝင် နေထိုင်မှုဖြင့် ပြီးခဲ့သည့် ၂ ရက် အတွင်းဖမ်းဆီးခံခဲ့ရသည့် မြန်မာပြည်သား ၃၀၀ ကျော်ရှိရာ ထိုအထဲတွင် NLD-LA ခေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက် နယ်မြေ) အဖွဲ့ဝင်တချို့ နှင့် စာစောင်ထုတ်ဝေသူ တဦးလည်း ပါဝင်သည်။ (Irrawaddy 150310)
- မြန်မာနိုင်ငံမှ လှေဖြင့် ပင်လယ်ပြင်သို့ ရွက်လွှင့် ထွက်ခွာလာသော ရိုဟင်ဂျာ ၉၃ ဦးကို မလေးရှား ရေပိုင်နက်အတွင်း ဖမ်းဆီးလိုက်ကြောင်း မလေးရှား ရေတပ်တာဝန်ရှိသူများက ယမန်နေ့က ထုတ်ဖော်ပြောဆိုလိုက်သည်။ (Irrawaddy 150310)
- မြန်မာ့ဆန်တန်ချိန် ၂၅,၀၀၀ ကို ဘင်္ဂလားဒေ့ရှ်က ယခုနှစ်အတွင်း ဝယ်ယူမည့် သတင်းကြောင့် ယခုလ ၁၀ ရက်နေ့မှ စတင်၍ ရခိုင်ပြည်နယ် မြို့နယ်အချို့တွင် ဆန်/စပါးဈေးများ မြင့်တက်သွားသည်။ (Mizzima 150310)
- ပဲခူး-ရန်ကုန် ကားလမ်းမကြီးဘေး ဥသျှောင်မြို့သစ်ရပ်ကွက်ကြီး အမှတ် ၆ ရှိ "ဇေတဝန်ကျောင်း" အတွင်း၌ တရားမဝင်သစ်များ ရောက်နေကြောင်း "ရပ်ကွက်သတင်းပေးချက်" အရ ပဲခူး အမှတ် ၃ ရဲစခန်း၊ သစ်တောရေးရာဦးစီးဌာန၊ မယကနှင့် ရယကတို့က ပူးပေါင်းဖမ်းဆီးခဲ့သည်ဟု ပဲခူးမြို့ သစ်တောရေးရာ ဦးစီးဌာန အရာရှိတဦးက ပြောသည်။ (Mizzima 150310)
- ၂၀၁၀ ရွေးကောက်ပွဲမှာ ပါတီမှတ်ပုံတင်ရန် လိုအပ်သော ဗဟိုကော်မတီဝင် ၁၅ ဦးနှင့် ပါတီဝင်အင်အား ၅၀၀ ကျော် အရန်သင့်ရှိနေပြီး ပါတီကို မကြာမီမှတ်ပုံတင်ကာ ရွေးကောက်ပွဲဝင်ရောက်မည်ဟု ကချင်ပြည်နယ် တိုးတက်ရေး ပါတီ (KSPP) က ဆိုသည်။ (Mizzima 150310)
- စစ်အစိုးရက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ ၅ခု ကို ယခင်ရက်ပတ်က ထုတ်ပြန်ပြီးနောက် ယခုနှစ် ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) DPM က ရွေးကောက်၌ ဝင်ရောက် ယှဉ်ပြိုင်မည်ဟု ပါတီဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ (Mizzima 150310)
- စစ်ဘက်နှင့် အစိုးရအဖွဲ့ အရာရှိများလည်း ရွေးကော်ပွဲဝင်ရန် လုပ်ဆောင်နေရာ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယခုလအတွင်း ရာထူးမှနုတ်ထွက်မည်ဖြစ်ပြီး၊ ကြံ့ဖွံ့အားနိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းလဲမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတွင် ဝင်ရောက် ယှဉ်ပြိုင်လိမ့်မည်ဟု လုပ်ဖော်ကိုင်ဘက်များက ပြောသည်။ (Mizzima 150310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သည် ပြင်ဆင်ခွင့်မရသည့်အတွက် လုံခြုံရေးအလွန်စိုးရိမ်နေရကြောင်း သူမ၏ရှေ့နေ ဦးကြည်ဝင်းက ပြောသည်။ (DVB 150310)
- အတိုက်အခံခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အား ပိတ်ပင်ထားသည့် မြန်မာနိုင်ငံက ရွေးကောက်ပွဲဥပဒေအပေါ် စိုးရိမ်သည့်ကိစ္စကို နအဖ နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းနှင့် ယခုလ ၁၇ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမှာ ကျင်းပမည့် ဘက်မလိုက်နိုင်ငံများ အစည်းအဝေး၌ ဆွေးနွေးသွားမည်ဟု ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး အလ်ဘာတိုရိုမူလိုက ပြောဆိုလိုက်သည်။ (DVB 150310)
- အိန္ဒိယရောက် မြန်မာတိုင်းရင်းသားများသည် ကချင်ပြည်နယ် မြစ်ဆုံရေကာတာစီမံကိန်း ရပ်တန့်ရန်အတွက် ယနေ့ နံနက်ပိုင်း ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ (RFA 150310)
- နအဖဝန်ကြီးချုပ် ဒု-ဗိုလ်ချုပ်ကြီး သိန်းစိန်၏ မတ်လ ၉ ရက် သျှမ်းပြည် (မြောက်ပိုင်း) မူဆယ်မြို့ ခရီးစဉ်အတွင်း များလွန်းလှသည့် နွားများအား ရဟတ်ယာဉ်ပေါ်မှ စီးမြင်ပြီးနောက် အဆိုပါနွားခြံအားစုံစမ်းရန် ရဲတပ်ဖွဲ့ထံ ညွှန်ကြားထားကြောင်း မူဆယ်မြို့ခံတစ်ဦးက ပြောသည်။ (S.H.A.N 150310)
- နအဖနှင့် ၈ တပ်ဖွဲ့တိုက်ပွဲဆင်နွှဲရန် တရက်ထက်တရက် ရာနှုန်းပိုများလာသည်ကို တရုတ်က အကဲခတ်မိသောကြောင့် ဖေဖော်ဝါရီ ၆-၇ ရက်မှစ၍ စစ်အင်အားပိုမိုဖြည့်တင်းလာကြောင်း တရုတ်-မြန်မာနယ်စပ် လင်ချန်းမြို့နယ်အတွင်း မြင်တွေ့ရသည့် ဒေသခံများက ပြောသည်။ (S.H.A.N 150310)

## မတ်လ (၁၆) ရက်

- နအဖစစ်အစိုးရက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ (၅) ခု ထုတ်ပြန်ပြီးသော်လည်း သတင်းရေးသားခွင့်ကို ဆက်လက်ပိတ်ပင်ထားမြဲနေသဖြင့် လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲ မည်သို့မျှမဖြစ်နိုင်ကြောင်း ပြည်တွင်းသတင်းစာဆရာများက ပြောသည်။ (NEJ 160310)
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့) အသင်းဝင်ကတ်ပြားများပြုလုပ်ရန် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်နေ ပြည်သူများအား သက်ဆိုင်ရာ ရယကတို့က လိုင်စင်ဓာတ်ပုံများ အဓမ္မရိုက်ယူလျက်ရှိကြောင်း မြို့ခံများက ပြောသည်။ (NEJ 160310)
- မလေးရှားနှင့် ထိုင်းသို့ ထွက်ခွာလိုသူ မြန်မာနိုင်ငံသားများသည် ဗီဇာအခက်အခဲကြောင့် တစ်ရက်လျှင် အနည်းဆုံး ဦးရေ (၂၀) ခန့် လေယာဉ်လက်မှတ်ဖိုး ပြန်လည်ထုတ်ယူမှုရှိနေကာ တဦးလျှင်အနည်းဆုံး အမေရိကန်ဒေါ်လာ ၆၀ (၆၀,၀၀၀ ကျပ်)မှ ဒေါ်လာ ၉၀ (၉၀,၀၀၀ ကျပ်) အထိ ဆုံးရှုံးနေရပြီး လေယာဉ်လက်မှတ်ဖိုးငွေ ပြန်လည်ရရှိရန်လည်း အနည်းဆုံး (၃) လမှ (၆) လအထိ စောင့်ဆိုင်းနေရသည်။ (NEJ 160310)
- ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ဗိုလ်မှူးကြီးဟောင်း စောခင်စိုးနှင့် ဘားအံမြို့တွင် ဗိုလ်မှူးကြီးဟောင်း ဦးခင်ကြူး စသည့်ပုဂ္ဂိုလ်များက ဒေသခံများကို လိုက်လံတွေ့ဆုံ စည်းရုံးဟောပြောနေသည်ဟု ဒေသခံများက ပြောသည်။ (Irrawaddy 160310)
- အင်တာနက်မှ တဆင့် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့် အဆိုးဝါးဆုံး ချိုးဖောက်သော နိုင်ငံများတွင် မြန်မာနိုင်ငံပါဝင်ကြောင်း နယ်စည်းမခြား သတင်းထောက်များအဖွဲ့ (RSF) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ (Irrawaddy 160310)
- ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒွံ မင်းသမီးသည် မြန်မာနိုင်ငံသို့ ယမန်နေ့က ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိလာကာ စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တို့နှင့် တွေ့ဆုံခဲ့ကြောင်း ယနေ့ထုတ် အစိုးရသတင်းစာများတွင် ဖော်ပြထားသည်။ (Irrawaddy 160310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် စက်မှုဇုန် ၂ ရှိ အိုကေကြာဆံစက်ရုံမှ အလုပ်သမား ၁၀၀ ကျော်သည် ရွှေပြည်သာမြို့နယ် အလုပ်သမား ဦးစီးဌာနရုံးသို့ လုပ်ခတိုးမြှင့် ရရှိရေးအတွက် ယန်မနေ့ နေ့လယ်ပိုင်းတွင် သွားရောက်အရေးဆို ဆန္ဒပြခဲ့သည်ဟု ဆန္ဒပြအလုပ်သမားများနှင့် နီးစပ်သူများက ပြောသည်။ (Irrawaddy 160310)
- စစ်အစိုးရထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသည် လွတ်လပ်၍တရားမျှတမှု မရှိသောကြောင့် အာဆီယံအဖွဲ့ဝင်များအနေဖြင့် နအဖရွေးကောက်ပွဲဥပဒေကို လက်မခံကြရန် အာဆီယံလွှတ်တော်အမတ်များအဖွဲ့ AIPMC က ကြေညာချက်တစ်စောင် ထုတ်ပြန်တိုက်တွန်းလိုက်သည်။ (Mizzima 160310)
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်ခရိုင် ကြူကုတ်-ပန်ဆိုင်းမြို့နယ် မုံးပေါ်ကျေးရွာအုပ်စုမှ ဒေသခံပြည်သူ့စစ်များသည် တရုတ်နယ်စပ်ဘက် သစ်ခိုးထုတ်သူများနှင့် ပတ်သက်မှုရှိကြောင်း ဒေသခံများကဆိုသည်။ (S.H.A.N 160310)
- မလေးရှားနိုင်ငံ စားသောက်ဆိုင်တစ်ခုတွင် အလုပ်လုပ်နေကြသည့် မြန်မာအလုပ်သမား ၂၆ ဦး၏ နစ်နာကြေးများကို အလုပ်ရှင်မှပြန်လည်ပေးဆောင်ရန် မလေးရှားတရားရုံးမှ အမိန့်ချမှတ်လိုက်သည်။ (NMG 160310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့နှင့် ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံအမျိုးသမီးများ တွေ့ဆုံပွဲတစ်ရပ်ကို ယနေ့ အဖွဲ့ချုပ်ရုံးတွင်ပြုလုပ်ရာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြသည်။ (DVB 160310)
- နိုင်ငံရေးအကျဉ်းသားများကို ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ပိတ်ပင်ထားခြင်းကြောင့် မြန်မာနိုင်ငံတွင် ကျင်းပမည့် ရွေးကောက်ပွဲကို ယုံကြည်လက်ခံနိုင်စရာမရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနားက ယမန်နေ့က ဂျီနီဗာမြို့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ညီလာခံ၌ ပြောကြားလိုက်သည်။ (RFA 160310)
- ၂၀၁၀ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲ ဥပဒေသည် ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးပါတီတွေ မှတ်ပုံတင်ရမယ်ဆိုပေမဲ့ ပါတီမှတ်ပုံတင်ခြင်းဆိုင်ရာ အသေးစိတ် အချက်အလက်တွေ ထုတ်ပြန်မှု မရှိသေးသဖြင့် ရွေးကောက်ပွဲဝင်ရန် ပြင်နေသည့် ဦးသုဝေဦးဆောင်သော ဒီမိုကရက်တစ်ပါတီက အစိုးရဘက်မှ တရားဝင်နောက်ထပ် ထုတ်ပြန်မည့်သတင်းကို စောင့်ဆိုင်းနေသည်။ (VOA 160310)
- မြန်မာနိုင်ငံတွင် ယခုနှစ်ကျင်းပမည့် ရွေးကောက်ပွဲအတွက် စစ်အစိုးရရဲ့ ဥပဒေထုတ်ပြန် ကန့်သတ်မှုများနှင့်ပတ်သက်၍ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝန်းဘက်က ထောက်ပြဝေဖန်နေခြင်းအဆင့်နှင့် ရပ်တန့်မနေဘဲ လေးလေးနက်နက် အရေးယူဆောင်ရွက်လာရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မျှော်လင့်နေကြောင်း ပါတီ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ (VOA 160310)
- မြန်မာစစ်စိုးရ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် တင်းကျပ်ခြင်းနှင့် တရားမျှတမှုကင်းမဲ့သောကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် အရေးပေါ်အစည်းအဝေးတစ်ရပ် ခေါ်ယူဆွေးနွေးရန် ဗြိတိန်ဝန်ကြီးချုပ် Mr. Gordon Brown က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Ban Ki-Moon ထံ စာရေးတောင်းဆိုလိုက်သည်။ (VOA 160310)
- မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များမှ အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးခရီးဆင်းနေသည်ဟု မြို့နယ်ဒေသခံများမှပြောပါသည်။ (Kaowao 160310)
- ကချင်ပြည်နယ် ဗန်းမော်မြို့ အမှတ် ၃ အထက်တန်းကျောင်းမှ ကျောင်းသားတစ်ဦး ဇန်နဝါရီလပိုင်းက ၉ တန်းကျောင်းသား မောင်ဥာဏ်လင်းအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မမက ကျောင်းဝန်းအတွင်း ဆိုင်ကယ်ရွှေ့ခိုင်းရာ မရွှေ့ပေးသဖြင့် ကျောင်းထုတ်ခံခဲ့ရခြင်းကြောင့် ပညာရေးတွင် နစ်နာမှုရှိနေကြောင်း ကျောင်းသား၏မိခင်က ပြောသည်။ (S.H.A.N 160310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## မတ်လ (၁၇) ရက်

- အစိုးရပိုင်ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ တခုတည်းသော နိုင်ငံတကာသင်္ဘောလိုင်းဖြစ်သည့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းကို မကြာသေးခင်က စစ်တပ်ပိုင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း ကြယ်ငါးပွင့် သင်္ဘောလိုင်း အရာရှိများက ပြောသည်။ (Irrawaddy 170310)
- မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း ရွေးကောက်ပွဲရှိနေခြင်းကြောင့် ၂၀၀၉ -၂၀၁၀ စာသင်နှစ်အတွက် ယခုကျင်းပနေသည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် လွယ်ကူသည့် မေးခွန်းများသာ ပြုစုထုတ်ပြန်ပေးခဲ့ရကြောင်း မေးခွန်းပြုစုရာတွင် ပါဝင်သူပါမောက္ခတဦးက ပြောသည်။ (NEJ 170310)
- မြန်မာနိုင်ငံတွင် လူသားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှု မြောက်နိုင်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စစ်ဆေးနိုင်ရန် နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့ကို အချိန်မဆွဲဘဲ ဖွဲ့စည်းသွားသင့်ကြောင်း လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch) က ယမန်နေ့က ပြောကြားလိုက်သည်။ (NEJ 170310)
- လူထုခေါင်းဆောင်နှင့် တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်ခွင့်မရှိသည့် နအဖပြုလုပ်သော ၂၀၁၀ ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ်ကို ဆက်လက်ချုပ်ကိုင်နိုင်ရန်အတွက် ဖြစ်သောကြောင့် နိုင်ငံတကာနှင့် ပြည်သူတရပ်လုံးက ဆန့်ကျင်တိုက်ဖျက်ကြရန် ကရင်အမျိုးသားအစည်းအရုံး (KNU)က ယမန်နေ့တွင် ကြေညာချက်ထုတ်ပြန်တိုက်တွန်းလိုက်သည်။ (NEJ 170310)
- နအဖနှင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်အကြား အသွင်ကူးပြောင်းရေးကိစ္စများ အကြိမ်ကြိမ်ဆွေးနွေးခဲ့သော်လည်း အဆင်မပြေမှုများဖြစ်ပေါ်နေသဖြင့် နစ်ဖက်စစ်ရေးပြင်ဆင်မှုများရှိလာခဲ့ရာ ယခုလ အစောပိုင်းမှစ၍ ရုရှားနိုင်ငံလုပ် MIG (29) တိုက်လေယာဉ်များ အဆင်းအတက်များလာကာ ယခုလ ၁၃ ရက်နေ့က ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံမြို့ လေဆိပ်တွင် ညအိပ်ရပ်နားခဲ့သည်အထိ ဖြစ်လာခဲ့သည်။ (NEJ 170310)
- အမှတ် ၁ စက်မှု ဝန်ကြီး ဦးအောင်သောင်းအပါအဝင် ၂၀၁၀ ရွေးကောက်ပွဲတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီး အများအပြားဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် လက်ရှိရာထူးများမှ နုတ်ထွက်ကြမည်ဟု တပ်မတော်အသိုင်းအဝန်းနှင့် နီးစပ်သူများက ပြောသည်။ (Irrawaddy 170310)
- မြန်မာ့အရေးလှုပ်ရှားနေသည့် အိန္ဒိယပါလီမန်အထက်လွှတ်တော် အမတ်များအဖွဲ့ IPFDB မြန်မာအစိုးရ၏ ရွေးကောက်ပွဲ ဥပဒေကိုယနေ့ ပြစ်တင်ရှုတ်ချလိုက်ကာ ထိုဥပဒေကြောင့် မြန်မာနိုင်ငံအတွင်း မငြိမ်မသက်မှုများ ဆက်လက် ဖြစ်ပွားလိမ့်မည်ဟု ပြောကြားလိုက်သည်။ (Irrawaddy 170310)
- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအရ ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီတခုသည် ကျပ်ငွေ ၃ သိန်း ကော်မရှင်သို့ ပေးသွင်းရမှာဖြစ်ပြီး ကိုယ်စားလှယ်လောင်းတဦးသည် ကျပ်ငွေ သိန်း ၁၀၀ အထိ သုံးစွဲခွင့် ပြုထားသည်။ (Mizzima/ Irrawaddy 170310)
- တရုတ်နိုင်ငံရှိ တောရိုင်းတိရစ္ဆာန် မောင်ခိုဈေးကွက်တွင် မြန်မာနိုင်ငံမှ ရှားပါးတိရစ္ဆာန်များ ရောင်းချမှုပိုမို များပြားလာကြောင်း ယမန်နေ့က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ (TRAFFIC)၏ ထုတ်ပြန် ကြေညာချက်တွင် ဖော်ပြထားသည်။ (Mizzima 170310)
- ရွေးကောက်ပွဲ ဥပဒေထွက်လာချိန်တွင် ရခိုင်ပြည်နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်များက ရွေ့ဂုံတိုင်ကြေညာချက်ကို ဆက်လက်ဆုပ်ကိုင်သွားမည် ဖြစ်ကြောင်း သန္နိဋ္ဌာန် ပြုလိုက်ကြသည်။ (Mizzima 170310)
- ယနေ့ စတင်မည့် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ၃ ရက်ကြာ ခရီးစဉ်အတွင်း ဘူးသီးတောင်မြို့နယ် စိုင်းတင်ရေအားလျှပ်စစ် စီမံကိန်းဝန်းကျင်ရှိ ကျေးရွာ ၂၀ ခန့်သည် အနီးရှိတောတောင်များတွင် သစ်ဝါးခုတ်နှင့်ထင်းခွေအလုပ်များပင်မပြုလုပ်ရန် လုံခြုံရေးယူသည့် စစ်ကြောင်းကွပ်ကဲရေးဌာနချုပ် စကခ ၁၅ က တားမြစ်ထားသည်။ (Mizzima 170310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- စစ်အာဏာရှင်များ အောင်မြင်ရေးအတွက် အကွက်ချစီမံထားသည့် ရွေးကောက်ပွဲ ဥပဒေကြောင့် အများယုံကြည်လက်ခံမည့် ရွေးကောက်ပွဲ မဖြစ်နိုင်ကြောင်း ဖိလစ်ပိုင်အခြေစိုက် Free Burma Coalition - FBC က ယနေ့ ပြောဆိုလိုက်သည်။ (Mizzima 170310)
- ကမ္ဘာ့စီးပွား အကျပ်အတည်းကြောင့် ကျဆင်းနေခဲ့သော မြန်မာ့အထည်လုပ်ငန်းများသည် ပြန်လည်ခေါင်းထောင်နိုင်ခြင်း မရှိသေးကြောင်း အထည်ချုပ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောသည်။ (Mizzima 170310)
- နအဖစစ်အစိုးရမှ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသည် တရားမျှတမှုမရှိခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်ရာရောက်သဖြင့် ကမ္ဘာ့ကုလသမဂ္ဂမှ ပိုမိုဖိအားပေးရန် ပြည်တွင်းအခြေစိုက် ညီညွတ်သော တိုင်းရင်းသား လူမျိုးများ မဟာမိတ်အဖွဲ့ UNA က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း (Ban Ki-moon) ထံ စာရေးတောင်းဆိုလိုက်သည်။ (VOA 170310)
- ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ် စက်ကုန်းကျေးရွာမှ မီးဘေးသင့်အိမ်ထောင်စုများအား နေရာပြန်လည်ချထားရာတွင် ဒေသအာဏာပိုင်များ၏ အမြတ်ထုတ်ကိုယ်ကျိုးရှာမှုများရှိနေသည့်အတွက် တိုင်းအာဏာပိုင်များထံသို့ တင်ပြတိုင်ကြားသည်ကို ယနေ့ထိအရေးယူဆောင်ရွက် ပေးခြင်းမရှိကြောင်း ဒေသခံတဦးက ပြောသည်။ (Yoma3 170310)
- တရုတ်နယ်စပ် ကျယ်ဂေါင် - မူစယ်လမ်းကြောင်းမှတဆင့် နအဖစစ်တပ်ထံ လွှဲပြောင်းပေးမည့် တရုတ်စစ်ထရပ်ကား အစီး ၅၀ ကျော်ခန့် တရုတ်နယ်စပ် ရွှေလီမြို့သို့ မတ်လ ၁၅ ရက်နေ့မှစတင် ရောက်ရှိလာသည်။ (S.H.A.N 170310)
- မတ်လ ၁၃ ရက်နေ့ သျှမ်းပြည် (တောင်ပိုင်း) နမ့်ဇန်မြို့နယ် ဟိုက်ဖတ်တိုက်နယ် ဖမ့်ကျောင်းလွိုင်ခန်းရွာအနီး သျှမ်းပြည် တပ်မတော်တပ်ဖွဲ့၏ ချုံခိုတိုက်ပွဲအတွင်း ဗမာစစ်တပ်မှ ဗိုလ်ကြီးတင်အောင်မိုး အပါအဝင်စစ်သည် ၂၀ ဦး သေဆုံး၍ ၈ ဦး ဒဏ်ရာရကြောင်း သျှမ်းပြည်တပ်မတော် ဝက်ဆိုက် Taifreedom.com တွင် ဖော်ပြထားသည်။ (S.H.A.N 170310)
- ရှမ်းပြည်အရှေ့ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးမြူမှုန်များ အုပ်ဆိုင်းသဖြင့် တာချီလိတ် ခရီးသည်တင် လေယာဉ်ပျံသန်းမှုတချို့ ယခင်ပတ်ကတည်းက ရပ်ဆိုင်းထားရပြီး ဒေသခံများ မျက်စိနှင့်အသက်ရှူလမ်းကြောင်း ဆိုင်ရာ ဝေဒနာများ ဖြစ်ပွားနေသည်။ (NMG 170310)
- မတ်လ ၁၄ ရက်နေ့က မုဒိန်းကျင့်အသတ်ခံခဲ့ရသော စစ်တွေတက္ကသိုလ်ကျောင်းသူ မဖြူဖြူအမှုကို အမြန်ဆုံး ဖော်ထုတ်ပေးရန်နှင့် မဖော်ထုတ်ပေးပါက စစ်တွေတက္ကသိုလ်တွင် ဆန္ဒပြပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း စစ်တွေ တက္ကသိုလ်ကျောင်းသားများက ယမန်နေ့က ရာဇသံပေးတောင်းဆိုလိုက်ကြောင်း ကျောင်းသားတစ်ဦးက ပြောသည်။ (Narinjara 170310)
- နအဖ ဂန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်၏ လက်ရှိလည်ပတ်နေသော ရခိုင်ပြည်နယ်ခရီးစဉ်မှာ ရွေးကောက်ပွဲအတွက် စည်းရုံးရေးလုပ်ငန်းများ ပြုလုပ်ရန်လာရောက်ခြင်းမဟုတ်ကြောင်း မောင်တောမြို့မှ အမည်မဖော်လိုသူ အစိုးရအရာရှိကြီးတဦးကပြောသည်။ (Narinjara 170310)

## မတ်လ (၁၈) ရက်

- တာချီလိတ်နှင့် ကျိုင်းတုံအကြားတွင် ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့သောကြောင့် ခရီးသည် ၆၁ ဦးတင်ဆောင်လာသည့် ရွှေရေကန်လိုင်းကား ချောက်ထဲကျသွားကြောင်း၊ ခရီးသွား ၂၁ ယောက် သေဆုံးကြောင်း၊ လွှင့်စင်သွားသူများနှင့် ကားအောက်ပိနေသည့် ခရီးသည်များလည်းရှိကြောင်း၊ ဆယ်ဘီးကားဆရာရော လိုင်းကားဆရာပါ နှစ်စလုံး သေဆုံးကြောင်း စပယ်ယာအသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N 180310)
- အရှေ့တောင်တိုင်းစစ်ဌာနချုပ် (ရတခ) တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် မွန်ပြည်သစ် ဒု-ဥက္ကဋ္ဌ ဦးဆောင်သော အဖွဲ့တို့သည် မတ်လ (၁၆) ရက်၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် တွေ့ဆုံခဲ့ကြရာ နအဖဘက်က "မွန်ပြည်သစ် ဆီက နောက်ဆုံး အဆုံးအဖြတ်ပေးဖို့ တောင်းဆိုခဲ့တယ်။ နယ်ခြားစောင့်တပ်ကိစ္စရယ်၊ ပါတီဖွဲ့ပြီး ရွေးကောက်ပွဲ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဝင်မယ့်ကိစ္စရယ်၊ နောက်ဆုံး သဘောထား တောင်းထားတယ်လို့ ကျနော်သိရတယ်" ဟု မွန်ပြည်သစ် ခရိုင်ကော်မတီဝင်တဦးက ပြောကြားသည်။ (NEJ 180310)

- ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့် လွှတ်တော်အသီးသီးအတွက် နည်းဥပဒေများ ထုတ်ပြန်လိုက်သည့်ထဲတွင် ၂၀၀၈ ဖွဲ့စည်းပုံအရ ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်ရွေးကောက်တင်မြှောက်မည့် စစ်သားလွှတ်တော်အမတ်များ အကျုံးမဝင်ကြောင်း ဥပဒေအတိုင်ပင်ခံ ဦးအောင်သိန်းက ပြောသည်။ (NEJ 180310)
- နအဖကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် နအဖနှင့်ငြိမ်းချမ်းရေးယူထားသည့် ကရင်အဖွဲ့အစည်းများ ရွေးကောက်ပွဲဝင်ခွင့်မရှိဟု တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ) ၏ အဆင့်မြင့်အရာရှိတဦးက ပြောသည်။ (NEJ 180310)
- ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်နှင့်မြို့သစ်အကြား ကျခမ်းဒပ်ကျေးရွာတွင် ယခုလ (၁၃) ရက်၌ မိုင်းဗုံး အလုံး (၃၀) ကျော် ဖမ်းဆီးရမိခဲ့ကာ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို)အား အကူအညီပေးခဲ့သည့် ဒေသခံအရပ်သားနှင့်ပြည်သူစစ် (၈) ဦးကို နယ်မြေခံအာဏာပိုင်များက ဖမ်းဆီးလိုက်သည်။ (NEJ 180310)
- အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲများတွင် စွမ်းစွမ်းတမံ ပါဝင်ခဲ့သည့် မွန်ခေါင်းဆောင် နိုင်သိမ်းမောင်သည် ယမန်နေ့က မွန်ပြည်နယ် ပေါင်မြို့ရှိ ၎င်း၏နေအိမ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားသည်။ (NEJ 180310)
- ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၅) ရပ်ကွက်အတွင်း နိုင်ငံတော်အထူးစီမံချက်ဟုဆိုကာ ကိုယ်ထူကိုယ်ထ ကတ္တရာလမ်းများ ခင်းလျက်ရှိရာ ကျပန်းလုပ်ကိုင်စားသောက်ကြသူ မိသားစုများ ငွေကြေးထည့်ဝင်ရန် အခက်အခဲတွေ့နေကြရသည်။ (NEJ 180310)
- အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် ချမှတ်ခံထားရသည့် မြန်မာပြည်ဖွား အမေရိကန်နိုင်ငံသား ကိုကျော်ဇောလွင် (ခ) ကိုညီညီအောင်ကို ပြည်မြို့အကျဉ်းထောင်မှတဆင့် အင်းစိန်ထောင်ကို ပြောင်းရွှေ့ကာ အင်းစိန်ထောင်မှတဆင့် ယနေ့ညနေပိုင်းတွင် နအဖ ပြန်လွှတ်ပေးလိုက်သည်။ (NEJ/ Irrawaddy/ Mizzima/ DVB/ RFA 180310)
- နအဖရွေးကောက်ပွဲ ဥပဒေထုတ်ပြန်ထားကာ ယခုနှစ်အတွင်း ပြုလုပ်မည့်ရွေးကောက်ပွဲသည် စစ်အစိုးရ၏ အာဏာတည်မြဲရေးအတွက် လုပ်ရိုးလုပ်စဉ် လုပ်ငန်းတစ်ခုအဖြစ်သာ အောက်ခြေသာမန်ပြည်သူအများစုက ရှုမြင်ကြကာ မည်သည့်အပြောင်းအလဲမှ ဖြစ်လာလိမ့်မည်မဟုတ်ဟု ထင်မြင်ယူဆနေကြသည်။ (NEJ 180310)
- ရန်ကုန်မြို့ရှိ ဆေးရုံဆေးခန်းများမှ အန္တရာယ်ကြီးသည့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျရှင်းလင်းနိုင်ခြင်း မရှိသောကြောင့် ရောဂါကူးစက်မှုများ ဖြစ်ပေါ်နိုင်သည်ဟု ကျန်းမာရေးဝန်ထမ်းများက ပြောသည်။ (Irrawaddy 180310)
- ထင်ရှားသည့် ကရင်တိုင်းရင်း သားများသည် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပါတီ ထူထောင်ရေးကိစ္စများနှင့် ပတ်သက်၍ ကြိုးပမ်းဆောင်ရွက် နေကြကြောင်းနှင့် တခြားသောကရင်တိုင်းရင်းသားများက တသီးပုဂ္ဂလအဖြစ် ဝင်ရောက် ယှဉ်ပြိုင်ရန် ပြင်ဆင်နေကြကြောင်း ကရင်သတင်းရပ်ကွက်မှ ဆိုသည်။ (Irrawaddy 180310)
- အစိုးရက ရွေးကောက်ပွဲတွင် လွှတ်တော်အမတ်အဖြစ် အရွေးချယ်ခံမည့် ဝန်ကြီးများကို လက်ရှိရာထူးများမှ နုတ်ထွက်စေကာ လစ်လပ်သွားသော ဝန်ကြီးနေရာများတွင် ဒုဝန်ကြီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဆင်း ဗိုလ်မှူးကြီးများ၊ ဗိုလ်မှူးချုပ်များဖြင့် အစားထိုးရန် အစိုးရက စီစဉ်နေသည်ဟု နေပြည်တော်မှ အရာရှိတဦးကပြောသည်။ (Irrawaddy 180310)
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဥက္ကဋ္ဌ ဦးအောင်ရွှေက ပါတီမဖျက်သိမ်းရေးအတွက် ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်သင့် သည်ဟု ယခုလ ၁၅ ရက်နေ့က ပြုလုပ်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး၌ ပြောကြားခဲ့ကြောင်း ခိုင်လုံသော ပါတီသတင်း ရပ်ကွက်များမှ ဆိုသည်။ (Irrawaddy 180310)
- စစ်အစိုးရ ပြုလုပ်ပေးမည့် ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနှင့် အရေးပေါ် အစည်းအဝေးတရပ် ပြုလုပ်ဆွေးနွေးရန် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ထံသို့ ဗြိတိန်ဝန်ကြီးချုပ်က ယမန်နေ့တွင် စာရေးတောင်းဆိုလိုက်သည်။ (Irrawaddy/ DVB 180310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၀၈ ခုနှစ် အခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲအကြောင်း ဝေဖန်ရှုတ်ချထားသည့် လက်ကမ်းစာစောင်များ ရန်ကုန်မြို့ လူစည်ကားရာ နေရာများတွင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း တိတ်တဆိတ် ဖြန့်ဝေမှုများ ရှိခဲ့ကြောင်း မြို့ခံများက ပြောသည်။ (Mizzima 180310)
- မကွေးတိုင်းအတွင်း တောင်သူလယ်သမားများ လယ်အသိမ်းခံရသည့်အမှုကို လိုက်ပေးနေစဉ် ဖမ်းဆီးထောင်ချခံရသည့် ရှေ့နေကိုဖိုးဖြူကို အာဏာပိုင်များက ၎င်း၏ရှေ့နေလိုင်စင်အား ရုပ်သိမ်းလိုက်သည်။ (DVB 180310)
- စစ်အစိုးရက ထုတ်ပြန်နေသည့် ရွေးကောက်ပွဲ ဥပဒေများသည် တရားမျှတမှုမရှိသည့်အတွက် တရားရုံးဆီ တိုင်ကြားခြင်းအပါအဝင် ဥပဒေအကြောင်းအရ စိန်ခေါ်မှုများကို ဆက်လုပ်သွားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပြောသည်။ (DVB/ RFA 180310)
- နေအိမ်အကျယ်ချုပ် ကျနေသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ပြင်မှုကို ရပ်ထားသည့်အပြင် ခြံစည်းရိုးလည်း ပြိုကျပျက်စီးနေသဖြင့် အရေးပေါ်ပြင်ဆင်ရန် လိုအပ်နေသည်ဟု သူမ၏ရှေ့နေ ဦးညွန့်ဝင်းက ပြောသည်။ (DVB 180310)
- နအဖထိုးစစ်ကြောင့် ထိုင်းနိုင်ငံ ထာ့ဆောင်ယန်းမြို့နယ် နိုဘိုးယာယီဒုက္ခသည်စခန်းကို လွန်ခဲ့သည့်နှစ်က ရောက်ရှိခိုလှုံလာသည့် ဒုက္ခသည်များထဲမှ ၃၀၀ ခန့်သည် စားဝတ်နေရေးအခက်အခဲကြောင့် ထိုစခန်းမှထွက်သွားပြီဟု စခန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။ (DVB 180310)
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ခွင့်မရအောင် ကန့်သတ်ထားမှုနှင့်ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ စိုးရိမ်မကင်းဖြစ်မိကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး Alberto Romulo က မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးညွန့်ဝင်းကို ယခုလ ၁၈ ရက်နေ့တွင် ပြောကြားခဲ့မှုအပေါ် နအဖနိုင်ငံခြားရေးဝန်ကြီးက ပယ်ချလိုက်သည်။ (RFA 180310)
- မြန်မာစစ်အစိုးရ ထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို အင်မတန်မှ စိတ်ပျက်မိကြောင်း အိန္ဒိယ ပါလီမန် လွှတ်တော်အမတ်များက ပြောကြားလိုက်သည်။ (RFA 180310)

<u>မတ်လ (၁၉) ရက်</u>

- ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း သက်ဆိုင်ရာရပ်ကွက်အသီးသီးမှ စွမ်းအားရှင်၊ ကြံ့ဖွံ့နှင့် လူငယ်များကို အဓိကထား၍ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ)မှ စစ်သားများက အခြေခံတိုက်ပွဲဝင်သင်တန်းဟု အမည်တပ်ကာ ရက်တိုသင်တန်းအဖြစ် တက်သုတ်ရိုက်ပေးနေသည်။ (NEJ 190310)
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်ခရိုင် တာလုံ ၊ မန့်ညို့ ၊ မော့်တောင်းလုံ ၊ ဟိုတိန်းနှင့် မန့်ကာရွာများမှ ရွာသားများပိုင် မြေများအား အာဏာပိုင်များက မတ်လ ၁ ရက်နေ့က စတင်သိမ်းယူခဲ့ကြောင်း ဒေသခံရွာသားတစ်ဦးကပြောသည်။ (S.H.A.N 190310)
- ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ အခြေစိုက် နိုင်ငံခြား အန်ဂျီအို တခုဖြစ်သော အေအမ်းအိုင် (Aide Medicine international) ရုံးကို မတ်လ ၁၆ ရက်နေ့က စတင်ပြီး သက်ဆိုင်ရာမှ တရားဝင် ရုတ်သိမ်းသွားပြီဖြစ်ကြောင်း ဘူးသီးတောင်မြို့ခံများက ပြောသည်။ (Narinjara 190310)
- ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် အောင်မင်္ဂလာကျေးရွာတွင် ယနေ့စတင်ကျင်းပမည့် ဆရာတော်ကြီး ဈာပနာပွဲတော်အား ဓါးပြဝင်တိုက်မည် ဆိုပြီးဓါးပြများကခြိမ်းခြောက်စာ ပေးပို့ထားသဖြင့် လုံခြုံရေးကိုအထူးတင်းကျပ်ထားသည်ဟု ဒေသခံတစ်ဦးကပြောသည်။ Narinjara 190310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## မတ်လ (၂၀) ရက်

- ၂၀၀၉ - ၂၀၁၀ စိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးမဖြစ်ထွန်း၍ တလအတွင်း သျှမ်းပြည်သားများရာချီ ထိုင်းနယ်စပ်သို့ ရွှေ့ပြောင်းရောက်ရှိခဲ့ကြသည်ဟု ထိုင်းနယ်စပ်သတင်းရပ်ကွက်က ဆိုသည်။ (S.H.A.N 200310)
- တာင်ငူခရိုင် ထန်းတပင်မြို့နယ် ဘောဂလိကြီးဂွင်တွင် လှုပ်ရှားနေသည့် နအဖ စစ်ကွပ်ကဲရေးဌာနချုပ် စကခ(၇) လက်အောက်ခံ ခမရ(၄၂၅)နှင့် ခမရ(၄၂၇)တပ်ရင်းတို့သည် ဘူဆာစီးမှ တောင်ငူအထိ ဖောက်လုပ်ထားသော ကားလမ်းကို ရှင်းလင်းရန် ကားလမ်းနံဘေးတလျှောက်တွင် အထက်မှညွှန်ကြားချက်အရ ရွာသားများ၏ ဥယျာဉ်ခြံ ၁၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု ဒေသခံတဦးကပြောသည်။ (KIC 200310)

## မတ်လ (၂၁) ရက်

- "ဒေါ်အောင်ဆန်းစုကြည်ကြောင့် ၁၉၉၀ ရွေးကောက်ပွဲတွင် NLD အနိုင်ရခဲ့ခြင်းဖြစ်၍ အကယ်၍ ဒေါ်အောင်ဆန်းစုကြည်ကို ပါတီမှထုတ်ပယ်ကာ ဝင်အရွေးခံလျှင် ၂၀၁၀ ရွေးကောက်ပွဲတွင် NLD ပါတီ အနိုင်ရမည့် ပုံမျိုးမရှိ" ဟု မိတ္ထီလာ မြို့နယ် NLD ဥက္ကဌ ဒေါက်တာသိန်းလွင်က ပြောသည်။ (BBC 210310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ပါတီမှတ်ပုံတင်နိုင်ရေးကို ဦးစားပေးခြင်းထက် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားအတိုင်း မတရားသည့် ဥပဒေများကို ညီညီညွတ်ညွတ် ဆန့်ကျင်တိုက်ဖျက်သွားရန် ပြည်ပအခြေစိုက် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက ယမန်နေ့က တိုက်တွန်းလိုက်သည်။ (RFA 210310)

## မတ်လ (၂၂) ရက်

- ရန်ကုန်မြို့ပေါ်ရှိ တိုက်ခန်းအချို့ကို မြို့တော်စည်ပင်သာယာရေး ကော်မတီက အန္တရာယ်ရှိ အဆောက်အအုံအဖြစ် ကြေညာပြီး (၃) ရက်အတွင်း အတင်းအကျပ်ဖယ်ရှားခိုင်းနေခြင်းကြောင့် မိသားစုအများအပြား အိုးမဲ့အိမ်မဲ့ဘဝ ရောက်နေရကြောင်း ကာယကံရှင်များက ပြောသည်။ (NEJ 220310)
- ရှမ်းပြည်အရှေ့မြောက်ပိုင်း၊ ကိုးကန့်ဒေသအတွင်း မကြာသေးခင်က ဖြစ်ပေါ်ခဲ့သည့် ပုံးပေါက်ကွဲမှု၊ သေနတ်ပစ်ခတ်မှု စသည့် ဒေသမတည်မငြိမ်မှုများ ပြုလုပ်နေသည့် အကြမ်းဖက်သမားများ တရုတ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်တလျှောက် တွင် သွားလာလှုပ်ရှားနေသဖြင့် ၎င်းတို့အား ဖော်ထုတ်ဖမ်းဆီးနိုင်ရန် တရုတ်အာဏာပိုင်များထံ မြန်မာဘက်က အကူအညီတောင်းခံထားသည်။ (NEJ 220310)
- ရန်ကုန်သင်္ကြန်ကို နေပြည်တော်ကဲ့သို့ စည်ကားစေရန် မလုပ်ဆောင်ရဟု၍ နေပြည်တော်က အမိန့်ထုတ်ပြန်ထားပြီး ယခုနှစ် ရန်ကုန်သင်္ကြန်တွင် စည်းကမ်းအလွန်တင်းကျပ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်း တယကမှ တာဝန်ရှိသူက ပြောသည်။ (NEJ 220310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်မည်ဆိုပါက ၁၉၈၈ ခုနှစ်တွင် ပြည်သူတရပ်လုံးက ပေးအပ်လိုက်သည့် သမိုင်းပေးတာဝန်ကို ငြင်းပယ်ရာကျမည်ဟု မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (အက်ဖ်ဒီဘီ) အဖွဲ့က ပြောကြားသည်။ (NEJ/ RFA 220310)
- ရွေးကောက်ပွဲ ဝင်မည်ဟု ကြေညာထားသည့်အဖွဲ့ ၂ ဖွဲ့ဖြစ်သည့် ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ(ပြည်ထောင်စု မြန်မာနိုင်ငံ) နှင့် အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် (ပြည်ထောင်စု မြန်မာနိုင်ငံ)တို့က နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ရန် ရွေးကောက်ပွဲကော်မရှင်သို့ ယနေ့ လျှောက်လွှာ တင်လိုက်ကြသည်။ (Irrawaddy 220310)
- မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၏လုပ်ငန်းတချို့တွင် စည်းကမ်းမလိုက်နာသူများနှင့် လုပ်ငန်းတိုးတက်ရေး အတွက် ဆောင်ရွက်နိုင်ခြင်းမရှိသူ ဝန်ထမ်းများကို ကြိမ်ဒဏ်နှင့် ငွေဒဏ်ချမှတ်နေကြောင်း အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူ များကပြောသည်။ (Irrawaddy 220310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မကြာသေးခင်က ရန်ကုန်မြို့လယ်တွင် တိုက်ပြိုကျမှု ဖြစ်ပွားခဲ့သောကြောင့် လူနေအိမ်နှင့် တိုက်ခန်းများ အာမခံထားရှိရေးကို ရန်ကုန်ဒေသခံ အများအပြားက စိတ်ဝင်စားလျက်ရှိကြောင်း မြန်မာ့ အာမခံလုပ်ငန်း တာဝန်ရှိသူများ ထံကပြောသည်။ (Irrawaddy 220310)
- ပုဂ္ဂလိကကျောင်း ဖွင့်လှစ်လိုသူများကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တယက) ပညာရေး ဝန်ကြီးဌာနတို့က စည်းကမ်းချက်တင်းကျပ် ကန့်သတ်မှုများ များပြားလွန်းသဖြင့် ကျောင်းဖွင့်လိုသူများ အခက်တွေ့ နေရသည်။ (Irrawaddy 220310)
- ဒေါ်အောင်ဆန်းစုကြည်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ တွေ့ဆုံခွင့်ပြုရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နအဖ စစ်အစိုးရထံသို့ ယခုလ ၁၇ ရက်နေ့တွင် ထပ်မံတောင်းဆိုခဲ့ကြောင်း ယနေ့ ထုတ်ဖော်ပြောဆိုသည်။ (Mizzima/ DVB/ RFA 220310)
- ရှပ်နီများ၏ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများဖြစ်ပေါ်နေသော်လည်း ထိုင်းနိုင်ငံသို့ သွားရောက်သူ မြန်မာနိုင်ငံသားများ ပိုများလာသည်ဟု ထိုင်းသံရုံးက ပြောသည်။ (Mizzima 220310)
- မြန်မာ့အရေး စောင့်ကြည့်လေ့လာသူ မြန်မာနှင့် နိုင်ငံခြားသားများက မြန်မာပြည်တွင်း နိုင်ငံရေးဖြစ်ထွန်းမှု အခြေအနေနှင့် နိုင်ငံတကာတုံ့ပြန်မှုများဆိုင်ရာ နီးနှောဖလှယ်ပွဲတစ်ရပ်ကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ချူလောင်ကွန်း တက္ကသိုလ်တွင် ယနေ့ ပြုလုပ်ကြသည်။ (Mizzima/ DVB 220310)
- ၂၀၁၀ ရွေးကောက်ပွဲတွင် အားလုံးပါဝင်နိုင်ရန် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးလိမ့်မည်ဟု မျှော်လင့်ခဲ့ သော်လည်း အခုအချိန်အထိ ဖြစ်မလာတဲ့အပေါ် စိတ်ပျက်မိကြောင်းနှင့် စစ်အစိုးရက ရွေးကောက်ပွဲကျင်းပရန် အခွင့် အလမ်းတစ်ရပ်ဆုံးရှုံးရကြောင်း ထိုင်းနဲ့မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ် ကြီး Mr. Ron Hoffmann က ပြောဆို လိုက်တယ်။ (VOA 220310)
- နအဖ အစိုးရထုတ်ပြန်လိုက်သည့် ရွေးကောက်ပွဲဥပဒေသည် ဒီမိုကရေစီနည်းလမ်း မကျသောကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မြန်မာ့အရေး အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရန် ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်တို့က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Ban Ki-Moon ကို စာရေးတောင်းဆိုလိုက်သည်။ (VOA/ DVB 220310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ပါတီမှတ်ပုံတင်ရေးကိစ္စနှင့် ရွေးကောက်ပွဲ ဝင်ရေး မဝင်ရေးဆိုသည့် အဆုံး အဖြတ်အတွက် ယခုလ ၂၉ ရက်နေ့တွင် ပြုလုပ်မည့်အစည်းအဝေးနှင့်ပတ်သက်၍ ပါတီဗဟိုဦးစီးအဖွဲ့က ယနေ့တွင် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ကာ အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဆန္ဒသဘောထားအတိုင်း လာမည့်ဆွေးနွေးပွဲတွင် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း ပါတီပြောခွင့်ရ ဦးအုန်းကြိုင်က ပြောသည်။ (RFA 220310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၏ ရွေးကောက်ပွဲအပေါ် ရပ်တည်ချက်နှင့် မှတ်ပုံတင်သင့်၊ မတင်သင့်ကိစ္စများ အပေါ်တွင် ဘာလုပ်ဆောင်သင့်သည်ကို ကြိုတင်ထုတ်ဖော်ပြောဆိုမှုမျိုး ပြုလုပ်မည်မဟုတ်ကြောင်း အဝေးရောက် ပြည်ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရ NCGUB ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက ပြောကြားလိုက်သည်။ (RFA 220310)
- စစ်အစိုးရအား မူလတောင်းဆိုထားသည့် အချက် ၉ ချက်အတိုင်း ပုံသေမသွားဘဲ အလျှော့အတင်းပြုလုပ်၍ အကြေ အလည်ဆွေးနွေးကြရန် တရုတ်တိုက်တွန်းချက်ကို ဝတပ်ဖွဲ့ဘက်က လက်မခံနိုင်ဟု ပြန်လည်ပြောဆိုခဲ့ကြောင်း ဝ ခေါင်းဆောင်များနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 220310)
- ၃၆ ကြိမ်မြောက် KBC ပွဲတော်ကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကချင်နှစ်ခြင်းခရစ်ယာန် အသင်းတော်က ခေါင်းဆောင်များသည် KIO ကို နယ်ခြားစောင့်လက်ခံဖို့ တိုက်တွန်းပေးရန် ယခုလ ၇ ရက်နေ့က ဗန်းမော်အခြေစိုက် စကာခ ၂၁ ကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်စိုးဝင်းက ညွှန်ကြားလိုက်သည်။ (KNG 220310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- လွန်ခဲ့သည့် တစ်ပတ်ကျော်က KIA စစ်သားများ အနည်းဆုံး ၈ ဦး အဖမ်းခံရသည့် ကိစ္စအပေါ် KIO/KIA ခေါင်းဆောင်ပိုင်းများ ယခုချိန်ထိ တစုံတရာတုံ့ပြန်လုပ်ဆောင်ခြင်းမပြုဘဲ ဆိတ်ငြိမ်နေမှုကို ကချင်ပြည်သူအချို့ မကျေမနပ်ဖြစ်နေကြသည်။ (KNG 220310)
- မတ်လ ၁၇ရက်နေ့မှ စတင်ကာ မတ်လ ၂၂ရက်နေ့အထိ ကရင်လူမျိုး ၆၇၅ ဦးကို မလေးရှား UNHCR က ဒုက္ခသည်အဖြစ်အသိအမှတ်ပြုခံခဲ့ရပြီး Refugee Status Determination (RSD) ကဒ်များ အသုတ်လိုက်ခွဲကာ ထုတ်ပေးခဲ့ကြောင်း မလေးရှားကရင်အစည်းအရုံး (MKO)က ဆိုသည်။ (KIC 220310)
- ရောဂတီတိုင်းဂါးခယ်မမြို့နယ်၊ ညောင်ပိုင်း၊ လမ်းသမိုင်၊ ကျုံစိန်၊ ဒယင်းကျေးရွာများတွင် စစ်သားစုဆောင်းရန်တာဂန်ပေးခံရသည့် တပ်ကြပ်ကြီးခင်မောင်မျိုး၊ တပ်ကြပ်ကြီးတင်စိုးနှင့် ဒုတပ်ကြပ် ဂင်းသိန်းထိုက်တို့က အသက် ၁၈ နှစ်မှ ၃၈ နှစ်အရွယ်ရှိ လူငယ်များကို မြူဆွယ်၍ လည်းကောင်း၊ ခြိမ်းခြောက်၍လည်းကောင်း အမျိုးမျိုးလိုက်လံစုဆောင်းလျှက်ရှိသည်ဟု မြို့ခံတဦးက ပြောသည်။ (KIC 220310)
- နအဖ စစ်ဌာနချုပ် နေပြည်တော်မှ ရခိုင်ပြည်နယ်သို့ စေလွှတ်ထားသည့် အထူးတပ်ဖွဲ့သည် ဘင်္ဂလာသို့ သစ်၊ နွားတင်ပို့ခွင့် ပါမိတ်တစ်ခုစီကို ကျပ်ငွေ (၁၀)သိန်းကျစီဖြင့် ယခုလ လဆန်းပိုင်းမှစ၍ ထုတ်ရောင်းချပေးနေကြောင်း နယ်စပ်ကုန်သည် တစ်ဦးကပြောသည်။ (Narinjara 220310)

## မတ်လ (၂၃) ရက်

- ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ (၅) ရပ်နှင့် နည်းဥပဒေများကို အင်အားစုအသီးသီးက လုံးဝလက်မခံဘဲ ၂၀၁၀ ရွေးကောက်ပွဲကို နည်းသဏ္ဍာန်ပေါင်းစုံဖြင့် ဆန့်ကျင်သပိတ်မှောက်သွားမည်ဟု ပြည်ပဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ၏ (၂) ရက်ကြာကျင်းပခဲ့သည့် မဟာဗျူဟာညှိနှိုင်းဆွေးနွေးပွဲတွင် ဆုံးဖြတ်လိုက်ကြသည်။ (NEJ 2303100)
- ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေး စာရွက်စာတမ်းများ လက်ဝယ်တွေ့ရှိ၍ နအဖအာဏာပိုင်တို့ ဖမ်းဆီးသွားသည့် မွန်ရဟန်းပျို အရှင်ဥက္ကံသခေါ် ဦးဇင်းဇော်လတ်ကို မွန်ပြည်နယ်မှ ရန်ကုန်မြို့သို့ ပို့ဆောင်လိုက်ပြီးနောက် သတင်းအစအန ပျောက်နေရာမှ ယခုအခါ အင်းစိန်ထောင်အတွင်း၌ ထိန်းသိမ်းထားကြောင်း အင်းစိန်ထောင်ဂန်ထမ်းတစ်ဦး ထံမှတဆင့် မိသားစုဂင်များက သိရသည်။ (NEJ 230310)
- ယမန်နေ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရပ်ကွက်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ) တိုင်းမှူး ဗိုလ်ချုပ် စိုးဝင်းက ကချင်ပြည်နယ်အတွင်းရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်များကို မကြာသေးခင်က ဖမ်းဆီးရမိထားသည့် ပုံးများအား ပြသခဲ့သည်။ (NEJ 230310)
- နအဖစစ်အစိုးရက ထုတ်ပြန်သည့် ရွေးကောက်ပွဲဥပဒေသည် တရားမျှတမှု လုံးဝမရှိသည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ)က စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ယနေ့မတ်လ (၂၃) ရက်တွင် ရန်ကုန်မြို့တရားရုံးချုပ်၌ တရားစွဲဆိုလိုက်သည့်အပေါ် တရားရုံးက ပယ်ချလိုက်သည်။
(NEJ/ Irrawaddy 230310)
- ယနေ့တွေ့ဆုံမှု၌ ဒေါ်အောင်ဆန်း စုကြည်က သူ့တဦးတည်း ဆန္ဒအနေဖြင့် ပါတီမှတ်ပုံတင်ရေးကို မစဉ်းစားသော်လည်း ပါတီဗဟို ကော်မတီဝင်များက သူမနှင့် ပါတီဥက္ကဋ္ဌ ဦးအောင်ရွှေအား အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် (NLD) ပါတီ မှတ်ပုံတင်ရေး ကိစ္စနှင့်ပတ်သက်၍ အပြီးသတ် ဆုံးဖြတ်ချက်ပေးရန် လုပ်ပိုင်ခွင့် အာဏာများအား ထပ်လောင်းအတည်ပြုကြောင်း ရှေ့နေ ဦးဉာဏ်ဝင်းက ပြောသည်။ (Irrawaddy 230310)
- ကချင်ပြည် တိုးတက်ရေး ပါတီ (KSPP)သည် လာမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အတွက် ဧပြီလဆန်း၌ မှတ်ပုံတင်မည် ဖြစ်ကြောင်း ပါတီဥက္ကဋ္ဌ ဒေါက်တာ မနန်တူးဂျာက ပြောဆို လိုက်သည်။ (Irrawaddy 230310)
- ထိုင်းနိုင်ငံ မြောက်ပိုင်း မယ်ဟောင်ဆောင် ခရိုင်ရှိ ကရင်နီ ဒုက္ခသည်စခန်း အမှတ် ၁ တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒုက္ခသည် ၃၀၀ ခန့် အိုးမဲ့ အိမ်မဲ့ ဖြစ်သွားကြောင်း စခန်းတာဝန်ရှိသူ ဦးအောင်မောင်းက ပြောသည်။

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



(Irrawaddy 230310)

- စစ်အစိုးရက ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေချိန်တွင် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ အသင်း၏ အသင်းဖွဲ့စည်းပုံ စည်းမျဉ်း အပိုဒ် ၂ (င)တွင် ပါရှိသော ပါတီနိုင်ငံရေးအဖွဲ့အစည်းတွင် ပါဝင်ခြင်းမရှိစေရဆိုသည့် စာသားကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ယင်းအသင်း ဥက္ကဋ္ဌဖြစ်သူ ဇေကဗ္ဗာ ကုမ္ပဏီပိုင်ရှင် ဒေါက်တာခင်ရွှေက ဆိုသည်။ (Irrawaddy 230310)
- ယနေ့ကျရောက်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၏ ၁၀ နှစ်ပြည့်အထိမ်း အမှတ်တွင် "နိုင်ငံရေး အကျဉ်းသားတွေ ပါဝင်ခွင့် မရတဲ့ ရွေးကောက်ပွဲ၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြန်လည် မသုံးသပ်တဲ့ ရွေးကောက်ပွဲ၊ တွေ့ဆုံဆွေးနွေးပွဲ မပါဘဲ ဖြစ်လာမယ့်ရွေးကောက်ပွဲကို အသိအမှတ်မပြုဖို့၊ ဒါမှမဟုတ် ရွေးကောက်ပွဲရဲ့ ရလဒ်ကိုအတည်မပြုဖို့ နိုင်ငံတကာအစိုးရတွေကို ကျနော်တို့တိုက်တွန်းလှုံ့ဆော်သွားမယ်" ဟု AAPP-B တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်က ပြောသည်။ (Irrawaddy/ NEJ 230310)
- ရန်ကုန်တိုင်း ဒလမြို့နယ် ၄ ရပ်ကွက်ရှိ အစိုးရပိုင် သင်္ဘောကျင်း၌ ယမန်နေ့ ည ၁၁ နာရီခန့်တွင် မီးလောင်မှုတရပ် ဖြစ်ပွားခဲ့ကြောင်း ဒလမြို့နယ် မီးသတ်ဌာနမှ တာဝန်ကျ မီးသတ်ရဲဘော်တဦးက ပြောသည်။ (Mizzima 230310)
- အချိန်အတော်ကြာအောင် ပြည်တွင်းမီဒီယာများတွင် ဖော်ပြခွင့်မရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သတင်းများကို မတ်လ ၂၃ ရက်နေ့ထုတ် ENVOY JOURNAL မျက်နှာဖုံးနှင့် ရန်ကုန်တိုင်း(မ်) ဂျာနယ်အတွင်း စာမျက်နှာများ၌ ဖော်ပြလာမှုကို တွေ့ရှိရသည်။ (DVB 230310)
- ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA ထိန်းချုပ်ရာ ရှမ်းပြည်အထူးဒေသ (၂) အတွင်းရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဝန်ကြီးဌာန နတလ လက်အောက်ခံ ဝန်ထမ်းများသည် ယနေ့တွင် ၎င်းဒေသမှ ထွက်ခွာသွားကြပြီဟု ဝ ဒေသသတင်းရပ်ကွက်မှ ဆိုသည်။ (DVB 230310)
- ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်သည့် တာချီလိတ်မြို့အနီးက လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျပ်ငွေ သိန်း ငါးထောင်ကျော်တန်ဖိုးရှိသည့် မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးချက်လုပ်သည့် ဓာတုပစ္စည်း အမြောက်အမြား ဖမ်းဆီးရမိခဲ့သည်။ (RFA 230310)
- မတ်လ ၂၃ ရက်နေ့သည် ဆရာကြီးသခင်ကိုယ်တော်မှိုင်း နှစ်တရာပြည့်နိုင်ငံရေးလှုပ်ရှားမှု၊ တနည်းအားဖြင့် မှိုင်းရာ ပြည့်ကျောင်းသားလှုပ်ရှားမှု ၃၄ နှစ် တင်းတင်းပြည့်သည့် နေ့ဖြစ်သည်။ (RFA 230310)

## မတ်လ (၂၄) ရက်

- လာမည့် မတ်လ ၂၇ ရက်နေ့ နအဖစစ်အစိုးရ ရုံးစိုက်ရာ နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၆၅ နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို တက်ရောက်သတင်းယူလိုသည့် သတင်းသမားတစ်ယောက်ကို ငွေကျပ်ရှစ်သောင်း နှင့် လိုက်ပါနိုင်သည်ဟု စာပေစီစစ်ရေးက ဂျာနယ်တာဝန်ရှိသူများကို ယနေ့တွင် ခေါ်ပြောခဲ့သည်။ (DVB 230310)
- ထိုင်းနိုင်ငံတွင် အသတ်ခံကြရသည့် မြန်မာ (၉) ဦးအတွက် ထိုင်းနိုင်ငံမှပေးသည့် ကရုဏာကြေးငွေများကို မြန်မာ အာဏာပိုင်များက ကျန်ရစ်သူမိသားစုဝင်များထံ ပေးအပ်ခဲ့သည်။ (NEJ 240310)
- ရန်ကုန် တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်အတွင်း ယခုရက်ပိုင်းတွင် ကျီးကန်းအချို့ ပျံသန်းနေရင်းမှ ရုတ်တရက် ပြုတ်ကျသေဆုံးနေသဖြင့် ဒေသခံတောင်သူတို့က ကြက်ငှက်တုပ်ကွေးရောဂါဖြစ်မည်ကို စိုးရိမ်နေကြသည်။ (NEJ 240310)
- မြန်မာ့အရေး ဆွေးနွေးရန်ကိစ္စကို မတ် (၂၃) ရက်တွင် ကျင်းပသည့်အစည်းအဝေးတွင် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံ များက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယမန်နေ့၌ သတင်းထုတ်ပြန်ခဲ့သည်။ (NEJ 240310)
- နာဂစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဖွဲ့စည်းထားသည့် ကုလသမဂ္ဂ၊ အာဆီယံနှင့် မြန်မာစစ် အစိုးရ ပူးပေါင်းဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင်အဖွဲ့က ယခုလ ဒုတိယပတ်တွင်ပြုလုပ်သည့် အကူးအပြောင်းကာလ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဗျူဟာများဆွေးနွေးပွဲတွင် နေ့ရာသီတွင် နာဂစ်မုန်တိုင်းသင့်ဒေသ၌ လူဦးရေ (၁) သိန်း (၈) သောင်းခန့် သောက်သုံးရေအခက်အခဲ တွေ့ကြုံနေရဆဲဖြစ်ကြောင်း သုံးပွင့်ဆိုင်အဖွဲ့က ပြောကြားသည်။ (NEJ 240310)

- မွန်ပြည်နယ် မော်လမြိုင်မြို့ ရပ်ကွက်အများအပြားတွင် ကာလဝမ်းရောဂါ ဖြစ်ပွားနေကြောင်း ဆရာဝန်များနှင့် မြို့ခံများက ပြောသည်။ (NEJ 240310)
- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် ရန်အတွက် မှတ်ပုံတင်ကြေး ကြီးမြင့်ကြောင်း ဝေဖန်နေကြသော်လည်း ဧပြီလအတွင်း နိုင်ငံရေးပါတီ ၂၀ ထက်မနည်း မှတ်ပုံတင်မည်ဟု ရွေးကောက်ပွဲကော်မရှင်နှင့် နီးစပ်သောအသိုင်းအဝိုင်းက ပြောသည်။ (Irrawaddy 240310)
- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ကလလတ အတွင်းရေးမှူး ဦးရွှေဂါက"ပါတီ ထောင်မယ်ဆိုတာကို ဆုံးဖြတ်ထားတယ်၊ ပါတီကတော့ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့ လွတ်မြောက်ရေး ပါတီပဲ၊ နာမည်မပြောင်းပါဘူး ပါတီ အလံကလည်း မပြောင်းဘူး"ဟု ပြောသည်။ (Irrawaddy 240310)
- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားအင်အားစု (ရခိုင်ပြည်နယ်)ဟု ယာယီအမည်ပေးထားသည့် ပါတီသည် ရခိုင်ပြည်နယ်တွင် အဓိကယှဉ်ပြိုင်ရန်နှင့် မှတ်ပုံတင်ရန် ပြင်ဆင်နေကြောင်း ပါတီဥက္ကဌ ဦးအေးကြိုင်က ပြောသည်။ (Irrawaddy 240310)
- ပြစ်ဒဏ် ၂၇ နှစ် ကျခံနေသည့် DVB သတင်းထောက် မလှလှဝင်း အမှုအယူခံအတွက် လာမည့်လ ၅ ရက်နေ့တွင် မကွေးတိုင်း တရားရုံး၌ နှစ်ဖက်ရှေ့နေများ အပြီးသတ် လျှောက်လဲမည်ဖြစ်သည်။ (Mizzima 240310)
- ရန်ကုန်တိုင်းမှ အင်းစိန်၊ ပဲခူးတိုင်းမှ ၁၉ မြို့နယ်နှင့် မန္တလေးတိုင်းမှ ၄ မြို့နယ်တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှတ်ပုံတင်မည်ဆိုလျှင် ကန့်ကွက်သွားမည်ဖြစ်ကြောင်းနှင့် "ရွှေဂုံတိုင် ကြေညာစာတမ်း"ကိုသာ ဆက်လက်၍ ဆုပ်ကိုင်သွားရန် တိုက်တွန်းကြောင်း မြို့နယ်စည်း တာဝန်ရှိသူများက ပြောသည်။ (Mizzima 240310)
- စစ်ကိုင်းတိုင်း ကလေးမြို့၌ ယနေ့နံနက်ပိုင်းက မီးလောင်မှု ဖြစ်ပွားခဲ့ရာ နေအိမ် ၈ လုံး လောင်ကျွမ်းသွား၍ ၄၇ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။ (Mizzima 240310)
- မန္တလေးမြို့မှ ကမ္ဘာ့လှည့်ခရီးသည် ဒေါ်ကြို မသန္တာထွန်းနှင့် ကျူရှင်ဆရာ ကိုမောင်ညိုတို့ကို သံယာ့တပ်ပေါင်းစု အဖွဲ့ဝင်များနှင့် ဆက်သွယ်မှုအပါအဝင် တရားမဝင် အဖွဲ့အစည်းများကို ဆက်သွယ်အားပေးမှုနှင့် ယနေ့တွင် အင်းစိန် ထောင်အထူးတရားရုံးတွင် ထောင်ဒဏ် ၅ နှစ်စီချမှတ်လိုက်သည်။ (RFA 240310)
- မြန်မာနိုင်ငံဆိုင်ရာ တောင်ကိုရီးယား သံအရာရှိနှင့် ပြင်သစ်သံအရာရှိတို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်တွင် ပါတီ ဒု-ဥက္ကဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်းတို့ကို ယနေ့လာရောက်တွေ့ဆုံခဲ့ရာ လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအပေါ် အဖွဲ့ချုပ်၏ နောက်ဆုံးရပ်တည်ချက်ကို မေးမြန်းခဲ့သည်။ (RFA 240310)
- ၀ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော်ထိန်းချုပ်ရာ ဒေသအတွင်းက နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနလက်အောက်ခံရှိ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများကို ယမန်နေ့က ပြန်လည်ထွက်ခွာသွားသည့်အပေါ် ဝတပ်ဖွဲ့က ပြန်လည်ခေါ်ယူလိုက်သည်။ (RFA 240310)
- ယခုရက်ပိုင်းအတွင်း တရုတ်နိုင်ငံလုပ် စစ်တပ်သုံး ထရပ်ကားအများအပြား မြန်မာနိုင်ငံအတွင်းသို့ တရုတ်-မြန်မာနယ်စပ် ရွှေလီနှင့်ကျယ်ဂေါ်မြို့များတွင် ဆက်တိုက်ပို့ဆောင်မှုများ ပြုလုပ်နေသည်။ (RFA 240310)
- ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ စုပေါင်း၍ မြန်မာပြည်တွင်းတွင် လူမှုရေးရာကိစ္စများကို စွမ်းစွမ်းတမံ လုပ်ကိုင်ဆောင်ရွက်နေသည်ကြသည့် အဖွဲ့အစည်းများ လူပုဂ္ဂိုလ်များကို နှစ်စဉ်ရွေးချယ်ကာ ဆုချီးမြှင့်ဂုဏ်ပြုမည့် အစီအစဉ်တစ်ရပ် ဆောင်ရွက်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုရောက် မြန်မာများ စတင်နေပြီဖြစ်သည်။ (RFA 240310)
- မြန်မာနိုင်ငံမှာ စစ်မှန်၍တရားမျှသည့် ရွေးကောက်ပွဲဖြစ်ပေါ်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနှင့် စိတ်ဝင်စားမှုရှိကြောင်း ပြသရန်အတွက် လုံခြုံရေးကောင်စီစည်းဝေးပွဲ ခေါ်ယူကျင်းပပေးရန် ဗြိတိန်နဲ့ပြင်သစ်နိုင်ငံ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



တို့က ဦးဆောင်တောင်းဆိုခဲ့ကြသည့်အတွက် မြန်မာ့အရေးအား လုံခြုံရေးကောင်စီတွင် ဆွေးနွေးသင့်မသင့် ယနေ့အလွတ်သဘော တွေ့ဆုံဆွေးနွေးကြရန်ရှိသည်။ (VOA 240310)

- မြန်မာနိုင်ငံသားများအပါအဝင် မလေးရှားနိုင်ငံတွင် ရောက်ရှိနေကြသည့် ရွှေ့ပြောင်းအလုပ်သမားတွေကို မလေးရှား အစိုးရက ထိထိရောက်ရောက် အကာအကွယ်မပေးနိုင်ကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) က ပြောဆိုလိုက်သည်။ (VOA 240310)
- နအဖစစ်တပ်နှင့် သျှမ်းပြည် (မြောက်ပိုင်း)ရှိ ၈ ပြည်သွေးစည်းရေးပါတီတို့ကြား စစ်ရေးတင်းမာနေချိန်တွင် ၈ ဌာနချုပ် ရှိရာ ပန်ဆန်းနယ်တပိုက်မှ အသက်အရွယ်ကြီးရင့်သူ အများစုပါဝင်သည့် ၈ အရပ်သား ၃၀၀ ခန့်က ၈ တပ်ဖွဲ့ နယ်မြေ၏မြောက်ပိုင်း နအဖစစ်တပ်ထိန်းချုပ်ရာ နမ့်တစ်၊ ဟိုပန်၊ ချင်းရွှေဟော် နယ်ခြားဒေသများသို့ ပြောင်း ရွှေ့နေကြောင်း ချင်းရွှေဟော်ဒေသခံ ကုန်သယ်တစ်ဦးက ပြောသည်။ (S.H.A.N 240310)
- ရခိုင်ပြည်နယ် မြေပုံမြို့နယ် ရှင်တောင် ပိုက်ဆိပ် ရဲစခန်းတွင် ငွေဖေစုမညီမျှမှုကြောင့် ရဲတပ်ကြပ်ကြီး သောင်းထွန်း က မတ်လ ၁၃ ရက်နေ့တွင် မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည်။ (Narinjara 240310)

## မတ်လ (၂၅) ရက်

- မြန်မာနိုင်ငံမှာ ကျင်းပမယ်ဆိုတဲ့ ရွေးကောက်ပွဲတွေ နောက်ပိုင်းဖြစ်လာမည့် မတည်ငြိမ်မှုသည် နိုင်ငံတကာငြိမ်းချမ်း ရေးနဲ့ လုံခြုံရေးကို ခြိမ်းခြောက်လာမယ့်ကိစ္စ ဖြစ်လိမ့်မယ်လို့ ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်က ပြောကြားလိုက် သည်။ (RFA 250310)
- ထိုင်းနိုင်ငံ ရနောင်းမြို့တွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ယာယီနိုင်ငံကူးလက်မှတ် ပြုလုပ်ပေးမည်ဆိုကာ APHAI PHANOK ကုမ္ပဏီတာဝန်ခံက ဘတ် (၆) သိန်းခန့် ငွေကြေး လိမ်လည်တောင်းယူပြီး တိမ်းရှောင်သွားကြောင်း အလုပ်သမားများက ပြောသည်။ (NEJ 250310)
- ယခုကာလအတွင်း ပြည်တွင်း ဆန်ဂယ်ယူ စုဆောင်းမှု မြင့်တက်လာသည့်အတွက် နိုင်ငံအဂှမ်း ဆန်ဈေး သိသိသာ သာ တက်လာသည်။ (NEJ 250310)
- မြန်မာစစ်အုပ်စုကို ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု တိုးမြှင့်လုပ်ဆောင်သွားရန် ဥရောပ သမဂ္ဂအပါအဝင် မိမိတို့အစိုးရကို တင်ပြတောင်းဆိုသွားမည်ဟု ထိုင်းနယ်စပ်သို့ရောက်ရှိနေသည့် ဘယ်လ်ဂျီယံနိုင်ငံ မှ လွှတ်တော်ကိုယ်စားလှယ် (၂) ဦးက ပြောကြားသည်။ (NEJ 250310)
- ရန်ကုန်မြို့တော်ဝန်က စည်ပင်သာယာနှင့်ပတ်သက်သည့် မည်သည့်သတင်းကိုမှ ပြည်တွင်းသတင်းမီဒီယာများအား ထုတ်ပြန်မပေးရန် စည်ပင်အရာထမ်းအားလုံးကို ခေါ်ယူသတိပေးကြောင်း စည်ပင်အရာထမ်းတဦးက ပြောသည်။ (NEJ 250310)
- စစ်အစိုးရက ပြုလုပ်မည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စများအပါအဝင် မြန်မာ့နိုင်ငံရေး အခြေအနေနှင့်ပတ်သက်၍ မတ် (၂၄) ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ တံခါးပိတ် အစည်းအဝေးတရပ် ပြုလုပ်ခဲ့သည်။ (NEJ 250310)
- ကျောင်းသား ခေါင်းဆောင်ဟောင်းတဦးဖြစ်ဖူးသူ ကိုဖြိုးမင်းသိန်းက ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေရာ အသစ်ထူ ထောင်မည့် ပါတီကို " လူထုဒီမိုကရေစီပါတီ" ဟု အမည်ပေးထားကြောင်း ၎င်းကပြောသည်။ (Mizzima 250310)
- မန္တလေးတိုင်းမှ နိုင်ငံရေးတက်ကြွသူ ၁၅ ဦးအား အိုးဖိုထောင်တွင်း တရားရုံးကပြီးခဲ့သည့် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြစ်ဒဏ် ၂ နှစ်မှ ၇၁ နှစ်အထိ ချမှတ်ခဲ့သည်ကို ၎င်းတို့၏ ရှေ့နေများက တိုင်းတရားရုံး၌ ယခုလ ၂၃ ရက်နေ့တွင် ပြင်ဆင်ခွင့်အယူခံ လျှောက်ခဲ့ကြသည်။ (Mizzima 250310)
- စစ်အစိုးရရုံးစိုက်ရာ နေပြည်တော်တွင် ကျင်းပမည့် ယခုနှစ် တပ်မတော်နေ့ အခမ်းအနားသို့ ပြည်တွင်း သာမက ပြည်ပသတင်းထောက်များပါ တက်ရောက်ခွင့်ရမည်ဟု ပြည်တွင်းဂျာနယ်အသိုင်းအဝိုင်းက ပြောသည်။ (Mizzima 250310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ❑ ဧပြီလမှစ၍ နိုင်ငံကူးလက်မှတ်များ လျှောက်ထားသူများ၏ ကိုယ်ရေးအချက်အလက်များ၊ ပြစ်မှုရှိထားသူများ၏ ပြစ်မှုများနှင့် နိုင်ငံရေးနှင့် ပတ်သတ်ပြီးငြိစွန်းထားသူများ၊ နာမည်ပျက်စာရင်းများ ချက်ချင်းသိရှိနိုင်သော စနစ်များ ထည့်သွင်းထားမည်ဖြစ်သောကြောင့် နိုင်ငံကူးလက်မှတ်အလွယ်တကူ ရရှိနိုင်တော့မည်မဟုတ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ တာဝန်ရှိသူတဦးက ဆိုသည်။ (Irrawaddy 250310)
- ❑ ဧရာဝတီတိုင်း၊ အင်္ဂပူမြို့ပေါ်ရှိ အတိုက်အခံအဖွဲ့ဝင်များ၊ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်နေသူများ၏ မိတ်ဆွေအပေါင်းအသင်းများအား ဒေသအာဏာပိုင်များက အတိုက်အခံပါတီဝင်များနှင့် ဆက်ဆံနေသူများကို ဖမ်းဆီးမည်ဟု ခြိမ်းခြောက် ပြောဆိုမှုများ ပြုလုပ်နေကြောင်း မြို့ခံတဦးကပြောသည်။ (Yoma3 250310)
- ❑ စစ်အစိုးရ၏ တရားမျှတမှုမရှိသည့် ဥပဒေအောက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ရွေးကောက်ပွဲမှတ်ပုံမတင်သင့်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ NLD-LA က သဘောထား ကြေညာချက်တစ်ရပ် မတ်လ ၂၄ ရက်နေ့က ထုတ်ပြန်လိုက်သည်။ (RFA 250310)
- ❑ ရွေးကောက်ပွဲဥပဒေထွက်ပေါ်လာပြီးနောက် အဖျက်သိမ်းခံ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ MNDF အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝမဝင်ကြောင်း ယမန်နေ့၊ မော်လမြိုင်မြို့၌ ကျင်းပသောဗဟိုအလုပ်အမှုဆောင် အစည်းအဝေးတွင် ထပ်မံအတည်ပြုဆုံးဖြတ်သည်။ (Kaowao 250310)
- ❑ မန္တလေးတိုင်းရှိ အထင်ကရသျှမ်းလူမျိုး ရပ်မိရပ်ဖများအား လာမည့်ရွေးကောက်ပွဲ၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက် အရွေးခံကြရန် နအဖ အမှတ် (၁) စက်မှုဝန်ကြီး ဦးအောင်သောင်းက သွားရောက်မဲဆွယ်စည်းရုံးခဲ့သည်ဟု မန္တလေးရောက် သျှမ်းအမျိုးသားတဦးက ပြောသည်။ (S.H.A.N 250310)
- ❑ ရခိုင်ပြည်နယ် မောင်တောခရိုင်ဥက္ကဌ ဦးအောင်ရွှေညွှန့်ကို လာဒ်ပေး လာဒ်ယူမှုကြောင့် မကြာသေးမီက ဒုဝန်ကြီးဖုန်းဆွေ လာရောက်သည့် မောင်တောခရီးစဉ်တွင် တရားဝင်ထုတ်ပယ်လိုက်ကြောင်း မောင်တောမြို့ ခယကရုံးဝန်ထမ်းတဦးကပြောသည်။ (Narinjara 250310)

## မတ်လ (၂၆) ရက်

- ❑ သျှမ်းပြည် (မြောက်ပိုင်း) မူစယ်မြို့တွင် ဗြိတိသျှကိုလိုနီခေတ်က ဆောက်လုပ်ကိုးကွယ်ခဲ့သည့် ဗုဒ္ဓဘာသာ မဟာဂန္ဓာရုံ ဘုန်းတော်ကြီးကျောင်းတိုက် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲတော်အား ယမန်နေ့မှစ၍ မတ်လ ၂၉ ရက်နေ့အထိ ၅ ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူတစ်ဦးကပြောသည်။ (S.H.A.N 260310)
- ❑ မြန်မာစစ်အစိုးရက ကျင်းပမယ်လို့ ကြေညာထားတဲ့ ရွေးကောက်ပွဲသည် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် သက်ဆိုင်သူတွေအားလုံးကို ပါဝင်ခွင့်ပေးဖို့နဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်နိုင်မယ့် အခြေအနေများကိုဖန်တီးပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း (Ban Ki-moon) က မြန်မာစစ်အစိုးရကို တိုက်တွန်းလိုက်သည်။ (VOA/ NEJ/ Irrawaddy 260310)
- ❑ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)အနေဖြင့် စစ်အစိုးရထုတ်ပြန်သည့် ပါတီမှတ်ပုံတင်ရေး ဥပဒေအရ ပါတီကိုပြန်လည်မှတ်ပုံတင်ရေး မတင်ရေးအတွက် သဘောထားကွဲပြားမှုများ ဖြစ်ပေါ်နေသော်လည်း အများစုဆန္ဒ အတိုင်းသာ ငြိမ်းငြိမ်းချမ်းချမ်း ဆုံးဖြတ်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ဆွေက ပြောကြားသည်။ (NEJ 260310)
- ❑ မွန်ပြည်သစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ နိုင်ခြေးမွန်က "Border Guard ပြောင်းဖို့ကိစ္စကို လက်မခံဘူးလို့ အခုကျင်းပနေတဲ့ အစည်းအဝေးမှာ တညီတညွတ်တည်း ထပ်ပြီးအတည်ပြု ဆုံးဖြတ်တာဖြစ်တယ်။ ကျနော်တို့ရဲ့ ရပ်တည်ချက်က ဘာမှမပြောင်းပါဘူး။ အခုစုံညီအစည်းအဝေးမှာ အရင်ကအတိုင်းပဲ ထပ်ဆုံးဖြတ်ခဲ့ပါတယ်" ဟု ပြောကြားသည်။ (NEJ 260310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- တပ်မတော်နေ့ (တော်လှန်ရေးနေ့)နီးလာသဖြင့် ရပ်ကွက်အဆင့် အာဏာပိုင်များက ဧည့်စာရင်းတိုင်ရန် နှိုးဆော်နေသော်လည်း သွားတိုင်သောအခါ လက်မခံသည့်အတွက် ပြည်သူအများ အခက်အခဲတွေ့နေရကြောင်း ရန်ကုန်မြို့ခံများက ပြောသည်။ (NEJ 260310)
- မြန်မာနိုင်ငံ တိုင်းနှင့်ပြည်နယ်တို့တွင် သောက်ရေသန့် ရှားပါးလာမှုနှင့် ရင်ဆိုင်နေရပြီး သန့်ရှင်းမှုမရှိသည့်သောက်ရေများကြောင့် ခဲဆိပ်သင့်မှုအပါအဝင် အခြားနောက်ဆက်တွဲရောဂါ ဖြစ်ပွားမှုတိုးပွားလာနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတဦးက ပြောကြားသည်။ (NEJ 260310)
- ဒေါ်အောင်ဆန်းစုကြည်၏ ရွေးကောက်ပွဲအပေါ် ထားရှိသောသဘောထားအတိုင်း ရပ်တည်၍ ရွှေဂုံတိုင်ကြေညာစာတမ်းကို ဆက်လက်ကိုင်စွဲသွားမည်ဟု နိုင်ငံတဝန်းရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) လူငယ်ကိုယ်စားလှယ်များက ဆုံးဖြတ်လိုက်သည်။ (Irrawaddy 260310)
- ကမ္ဘာ့စိန်ဈေး မြင့်တက်မှုကြောင့် ပြည်တွင်းစိန်ဈေးကွက်တွင် ဈေးနှုန်းမြင့်တက်လျက်ရှိသော်လည်း ယခုနှစ်တန်ဖိုးကြီးစိန် အရောင်းအဝယ်သည် ၂၀၀၉ ခုနှစ်ထက် ပိုကောင်းလာကြောင်း စိန်ကုန်သည်များက ပြောသည်။ (Irrawaddy 260310)
- ပါရမီယာဉ်လိုင်း ဝန်ထမ်းများအား ကြိမ်ဒဏ်အပြစ်ပေးသူ စီးပွားရေးဦးပိုင်လီမိတက်ဒါရိုက်တာတဦးအား ရန်ကုန်တိုင်း (စစ်ဌာနချုပ်) တိုင်းမှူးက ပြင်းထန်စွာသတိပေး၍ အရေးယူလိုက်ပြီဖြစ်ကြောင်း အဆိုပါဌာနမှဆို သည်။ (Irrawaddy 260310)
- အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလဌာနချုပ်၌ ကျင်းပသော "မြန်မာ့အရေး မိတ်ဆွေနိုင်ငံများ"အုပ်စု၏ ယမန်နေ့အစည်းအဝေးအပြီးတွင် စစ်အစိုးရအနေဖြင့် လာမည့်ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရမည်ဟု သဘောထားထုတ်ပြန်လိုက်သည်။ (Mizzima 260310)
- ရွေးကောက်ပွဲ ဝင်ရောက်ရေးအတွက် များစွာခက်ခဲစေသော ပြင်းထန်သည့် ရွေးကောက်ပွဲ ဥပဒေများကို စစ်အစိုးရက ထုတ်ဝေခဲ့ပြီးနောက် နိုင်ငံရေးပါတီများအနေဖြင့် လက်ကမ်းစာစောင်များ၊ စာအုပ်များ သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ စာပေရေးရာကိစ္စများနှင့် ပတ်သက်၍ စည်းမျဉ်းဥပဒေ ထုတ်ပြန်ခဲ့သည်။ (Mizzima 260310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနှင့် ပါတီမှတ်ပုံမတင်ရန်နှင့် ရွေးကောက်ပွဲမဝင်ရန် ၈၈ မျိုးဆက်ကျောင်းသားများ၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးတို့က စုပေါင်းတောင်းဆိုလိုက်သည်။ (DVB 260310)
- မြန်မာစစ်အစိုးရအနေနှင့် ဒေါ်အောင်ဆန်းစုကြည် ပါဝင်ခွင့်ရှိသည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပပေးရန် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမြင့်ကို ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကက်ဆုယအိုကာဒါက ဆင့်ခေါ်ပြောကြားလိုက်သည်။ (RFA 260310)
- မြန်မာနိုင်ငံရေးနှင့်ပတ်သက်၍ ကမ္ဘာ့အင်အားကြီး စက်မှုထိပ်သီး ၈ နိုင်ငံ G8 ၏ ဖွန်လထိပ်သီးညီလာခံတွင် တရားဝင် ထည့်သွင်းဆွေးနွေးရန် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW)က တောင်းဆိုလိုက်သည်။ (RFA 260310)
- ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒေးကျွန်းတွင် ဂတ်စ်ပိုက်လိုင်း စီမံကိန်းကို တရုတ်နိုင်ငံမှ ရောက်ရှိလာသော အင်ဂျင်နီယာ ၆၀ ဖြင့် စတင်အကောင်အထည် ဖော်ဆောင်ရွက်နေပြီ ဖြစ်သည်။ (Narinjara 260310)
- ရခိုင်ပြည်နယ် မောင်တောမြို့ (၃) မိုင် ကျေးရွာတွင် ယမန်နေ့က စတင်ပြုလုပ်သော အပါး ၁၀၀ ရှင်ပြုပွဲတွင် လုံးထိန်းတပ်ဖွဲ့တဖွဲ့မှ အရက်သေစာသောက်စားမူးယစ်ကာ လူထုကို စော်ကားသဖြင့် ရဟန်းတော်များက ပိုင်းဝန်းရိုက်နှက်၍ လုံထိန်း ၂ ဦးကို လူမိုက်တိုင်တွင် ချည်နှောင်ထားခဲ့သည်ဟု အမည်မဖော်လိုသူ မျက်မြင်တဦးကပြောသည်။ (Narinjara 260310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



မတ်လ (၂၇) ရက်

- "နိုင်ငံရေးပါတီတွေ မှတ်ပုံတင်ပြီးတော့ ရွေးကောက်ပွဲမှာ ဝင်ပြိုင်ကြမယ့် ကိုယ်စားလှယ်တွေဟာ စည်းရုံးမဲဆွယ်ဖို့ အချိန် ခြောက်လလောက် ရမှာပါ။ ရွေးကောက်ပွဲကိုတော့ အောက်တိုဘာ နောက်ဆုံးအပတ် ဒါမှမဟုတ် နိုဝင်ဘာလ ဆန်းပိုင်းလောက်မှာ လုပ်ပါလိမ့်မယ်" ဟု အမည်မဖော်လိုသူ စစ်အရာရှိတဦးကိုကိုးကား၍ ယနေ့ထုတ် AFP သတင်းဌာနက ဖော်ပြထားသည်။ (Mizzima 270310)
- ရန်ကုန်တိုင်း ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ ရပ်တော်မူ စေတီတဆူ ယခုလ ၂၃ ရက်နေ့က ပြိုကျသဖြင့် လူတဦး ဒဏ်ရာရရှိခဲ့သည်။ (Mizzima 270310)
- တောင်ငူမြို့နှင့် ၄၅ မိုင်ခန့် ကွာဝေးသော ရေသိုးကြီး(ကော်သေးဒဲ)ရွာမှ ရွာသူတဦးသည် မတ်လ ၂၆ ရက်နေ့တွင် ထင်းခွေသွားရင်း နအဖတပ်များ ထောင်ထားသည့်မိုင်းကို နင်းမိကာ ခြေတဖက်ပြတ်သွားခဲ့သည် ဟု ဒေသခံတဦးက ပြောသည်။ (KIC 270310)
- ဒီမိုကရေစီအရေးလှုပ်ရှားသူ ရခိုင်အမျိုးသား ၃၀ ခန့်သည် ဒက္ကားမြို့ရှိ မြန်မာသံရုံးရှေ့တွင် ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သည့် ဆန္ဒပြမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ (Narinjara 270310)
- ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံးတွေ့ဆုံခွင့်ပေးရန်နှင့် ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် တိုင်းရင်းသားနိုင်ငံရေးပါတီများကို တရားဝင်ရပ်တည်ခွင့်ပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုလိုက်သည်။ (VOA 270310)

မတ်လ (၂၈) ရက်

- နအဖ၏ အကန့်အသတ်များလှသည့် ရွေးကောက်ပွဲ ဥပဒေများကြောင့် ပါတီမှတ်ပုံတင်ရေးမတင်ရေး နိုင်ငံရေးပါတီများ အကြပ်အတည်းဆိုက်နေချိန်တွင် မှတ်ပုံမတင်ရသေးသည့် ကြံ့ဖွံ့အဖွဲ့က စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ခွင့် ရနေသည်။ (DVB 280310)
- မြန်မာပြည်တွင်းက လူ့အခွင့်အရေး ချိုးဖောက်မှုများသည် စနစ်တကျကျူးလွန်နေသည့်လုပ်ရပ် ဖြစ်သကဲ့သို့ လူသား ထုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုမြောက်ကြောင်းကို အာဆီယံ လူ့အခွင့်အရေး ကော်မရှင်အနေနှင့် အသိအမှတ် ပြုလက်ခံစဉ်းစားကာ မြန်မာအာဏာပိုင်များကို အရေးယူဆောင်ရွက်ပေးရန် အာဆီယံနှင့်မြန်မာဆိုင်ရာ ပူးတွဲလုပ်ငန်း အဖွဲ့ T.F.A.B က တိုက်တွန်းတောင်းဆိုလိုက်သည်။ (RFA 280310)
- အမေရိကန်ပြည်ထောင်စုအပါအဝင် ဖင်လန်၊ နယ်သာလန်၊ ဒိန်းမတ်၊ ဘယ်လ်ဂျီယမ်နိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာ့အရေးလှုပ်ရှားနေသည့် အဖွဲ့များစုပေါင်း၍ နအဖ ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်သပိတ်မှောက်ဆန္ဒပြမှုများကို မတ်လ ၂၇ ရက်နေ့မှစ၍ ကျင်းပပြုလုပ်ကြသည်။ (RFA 280310)
- လွန်ခဲ့သည့်သုံးနှစ်လောက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်မှ အသက်မပြည့်သေးသူ မောက်ဝေဖြိုးအောင်သည် တပ်ကထွက်ပြေးလာ၍ ပြန်အဖမ်းခံရပြီးနောက် သေဆုံးသွားပြီဖြစ်ကြောင်း စစ်တပ်က အကြောင်းကြားလာသဖြင့် မခင်ဖြစ်သူ မုဆိုးမဒေါ်မြင့်အေးက ယူကျုံးမရဖြစ်နေသည်။ (RFA 280310)
- မန္တလေးမြို့ နေရာအတော်များများတွင် Free (လွတ်မြောက်ပါစေ) ဆိုသည့် စာတန်းများကို ဆေးနီများနှင့် နံရံများ၌ လိုက်ရေးနေသကဲ့သို့ NLD ၏ ရွှေဂုံတိုင်ကြေညာစာတမ်းအတိုင်း ဝန်းရံတိုက်ပွဲဝင်ကြရန် နှိုးဆော်စာများလည်း ဖြန့်ဝေနေကြောင်း မန္တလေးမြို့ခံများက ပြောသည်။ (RFA 280310)
- ၂၀၁၀ ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တခြားပါဝင်ယှဉ်ပြိုင်ထိုက်သူများ ပါဝင်ခွင့်မပေးပါက မြန်မာနိုင်ငံကို အကူအညီငွေများ ထပ်ပေးတော့မည်မဟုတ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကတ်ဆုယာအိုကာဒါ (Katsuya Okada) က ပြောကြားလိုက်သည်။ (VOA 280310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ❑ မြန်မာနိုင်ငံက အင်တာနက် သုံးစွဲသူများအပေါ် စောင့်ကြည့်သည့် နည်းပညာများကို မြန်မာစစ်အစိုးရကို ပေးအပ်နေကြောင်း သတင်းထွက်ပေါ်နေမှုနှင့်ပတ်သက်၍ အမေရိကန်နှင့် ပြင်သစ်တို့က ထူထောင်ထားသည့် ထိပ်တန်းဆက်သွယ်ရေး ကုမ္ပဏီကြီးဖြစ်သည့် Alcatel-Lucent က ငြင်းဆန်လိုက်သည်။ (VOA 280310)
- ❑ မြန်မာနိုင်ငံသားများ အပါအဝင် မလေးရှားနိုင်ငံတွင် အလုပ်လုပ်နေကြသည့် နိုင်ငံခြားသားများကို ယမန်နေ့မှစ၍ မလေးရှားအာဏာပိုင်များကို ပိုက်ဆိတ်လိုက်တိုက် လိုက်ဖမ်းနေသဖြင့် မြန်မာနိုင်ငံသားများစွာ အဖမ်းဆီးခံရသည်။ (VOA 280310)
- ❑ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မွန်ပြည်နယ်စည်းရုံးရေးအဖွဲ့မှ ဗဟိုဦးစီးအဖွဲ့ဝင်များ အထူးအစည်းအဝေးတစ်ရပ်ကို ယနေ့တွင် မွန်ပြည်နယ် ဥက္ကဋ္ဌ ဦးလွန်းတင်နေအိမ် ရန်ကုန်၌ ကျင်းပပြုလုပ်ခဲ့ရာ ရွေးကောက်ပွဲမဝင်ရေးအား တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ (Kaowao 280310)

## မတ်လ (၂၉) ရက်

- ❑ NLD ရုံးချုပ်တွင် ယနေ့ပြုလုပ်သည့် ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆွေးနွေးချက်အရ နအဖထုတ်ပြန်ထားသည့်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် တရားမျှတမှု လုံးဝမရှိသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) သည် ပါတီအဖြစ်ထပ်မံ မှတ်ပုံတင်တော့မည်မဟုတ်ကြောင်း ဆုံးဖြတ်လိုက်သည်။ (NEJ/ Irrawaddy/ Mizzima 290310)
- ❑ နိုင်ငံရေးပါတီဖွဲ့စည်းရန် ပြင်ဆင်နေသူများက စစ်အစိုးရထုတ်ပြန်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့်နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်း ဥပဒေတို့တွင် ပါတီသစ်များအနေဖြင့် မည်သည့်နေ့ နောက်ဆုံးထား မှတ်ပုံတင်လျှောက်ထားရမည် ဆိုသည့်အချက် မပါရှိသည့်အတွက် မေးမြန်းရာတွင် ပြန်လည်ဖြေဆိုခြင်းမရှိခြင်းကြောင့် ၎င်းတို့ပါတီမှတ်ပုံတင်ရန်အတွက် အခက်ကြုံနေရသည်။ (NEJ 290310)
- ❑ ၂၀၁၀ ရွေးကောက်ပွဲဥပဒေ ထုတ်ပြန်ကြေညာပြီးနောက် ရွေးကောက်ပွဲအကြောင်း သတင်းဆောင်းပါးများကို ပုဂ္ဂလိကပိုင်မီဒီယာများက ရေးသားကြရာတွင် စာပေစိစစ်ရေးက စနစ်တကျဖတ်ရှုကာ ဖြတ်တောက်ကြောင်း စာပေစိစစ်ရေးမှ စာစစ်မှူးတဦးက ပြောသည်။ (NEJ 290310)
- ❑ လွန်ခဲ့သည့် မတ် (၂၃) ရက်တွင် ဝဒေသအတွင်းမှ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (နတလ) လက်အောက်ခံ ဝန်ထမ်းများကို ဝဒေသအတွင်းမှ ခွင့်ရက်ရှည်ဖြင့်ထွက်ခွာစေပြီးနောက်ပိုင်း ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ဝတပ်ဖွဲ့ထိန်းချုပ်ရာ ဒေသအတွင်းသို့ အရပ်သားများ ဝင်ရောက်မှုကို နအဖဘက်က တင်းကျပ်စွာ စစ်ဆေးပြီးမှသာ ဝင်ခွင့်ပြုနေသည်။ (NEJ 290310)
- ❑ ဗန်းမော်အခြေစိုက် အမှတ် (၆၄၁) မော်တော်ယာဉ်ထိန်းသိမ်းရေး တပ်ရင်းအတွင်း သိမ်းဆည်းထားသောကားများမှ ကားပစ္စည်းများကို ဒေသခံရွာသားအချို့က ဝင်ရောက်ခိုးယူရန် ကြိုးစားစဉ် စစ်သားများက ဖမ်းဆီးရိုက်နှက်ညှဉ်းပန်းခဲ့သဖြင့် (၁) ဦး သေဆုံးကာ (၁) ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ (NEJ 290310)
- ❑ မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်းကျင်းပမည့် ရွေးကောက်ပွဲသည် နိုင်ငံရေးအရ ပါဝင်သင့်သူအားလုံးပါဝင်ပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ရမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ယမန်နေ့က ပြောကြားလိုက်သည်။ (NEJ 290310)
- ❑ နှစ်စဉ် တင်ဆက်နေကျ အိန္ဒိယရောက် မြန်မာ့ဒီမိုကရေစီ အင်အားစုများ၏ သင်္ကြန်သံချပ် သီချင်းခွေများတွင် ပင်တိုင်ရေးသားပေးခဲ့သည့် ကဗျာဆရာ မြတ်ထက် ကျန်းမာရေး ချို့ယွင်းနေသော်လည်း "သူသေကိုယ်ရှင် တိုက်ပွဲဝင်" အမည်ရှိ သံချပ်အခွေ ယမန်နေ့ ညနေက ထွက်လာပြီဖြစ်သည်။ (Irrawaddy 290310)
- ❑ တရားဝင် ပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရန် ရွေးကောက်ပွဲ ကော်မရှင်သို့ လျှောက်ထားဆဲ ကာလ၌ပင် စစ်အစိုးရနှင့် နီးစပ်သည်ဟု စွပ်စွဲခံရသည့် ဦးရဲထွန်းဦးဆောင်သည့် ၈၈ မျိုးဆက်ကျောင်းသားများ ပြည်ထောင်စုမြန်မာနိုင်ငံနှင့်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဦးအေးလွင်ဦးဆောင်သော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်တို့က နိုင်ငံရေးတရားဟောခြင်းနှင့် ပါတီစည်းရုံးရေး လုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။ (Irrawaddy 290310)

- နေပြည်တော်တွင် ဝက်တုပ်ကွေး (H1N1) ဟု ယူဆရသော ရောဂါဖြစ်ပွား နေသောကြောင့်ပြီးခဲ့သည့် တပ်မတော်နေ့ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှလွဲ၍ ကျန်သောဝန်ကြီးဌာနများအား အခမ်းအနား တက်ရောက်ရန် မခေါ်ခဲ့ကြောင်း စစ်တပ် အသိုင်းအဝန်းနှင့် နီးစပ်သူတဦးကဆိုသည်။ (Irrawaddy 290310)
- စစ်ကိုင်းတိုင်း ကလေးမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်သူ ဦးဒိုထောင်း (၇၀ နှစ်) သည် ကျောက်ကပ်ရောဂါဖြင့် ယနေ့ နံနက်ပိုင်းတွင် ကွယ်လွန်သွားသည်။ (Mizzima 290310)
- စစ်အစိုးရ ဖွဲ့စည်းထားသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့)က နာမည်တူ ကြံ့ဖွံ့ပါတီအဖြစ်ပင် အသွင်ပြောင်းကာ ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ၎င်းအသင်းမှ ထိပ်တန်းခေါင်းဆောင်တဦးက ပြောသည်။ (Mizzima 290310)
- အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သာ ရွေးကောက်ပွဲအနိုင်ရသွားလျှင် မြန်မာပြည်ကို အမေရိကန် လွှမ်းမိုးသွားမည်ဖြစ်ကြောင်း ရွေးကောက်ပွဲဝင်အရွေးခံမည်ဟု နာမည်ကြီးနေသော ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြောသည်။ (Mizzima 290310)
- ရန်ကုန်တိုင်းအတွင်း ကျင်းပမည့် စာပေနှင့်ပညာရပ်ဆိုင်ရာ ဟောပြောပွဲများပြုလုပ်ခွင့်ကို ယခင်ကထက် စိစစ်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဟု ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးက ပြောသည်။ (Mizzima 290310)
- အပစ်ရပ်မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင်များ၏ ၂၀၁၀ ခုနှစ်၊ ပုံမှန်အစည်းအဝေးတစ်ရပ်တွင် နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ပါတီ၏ဆုံးဖြတ်ချက်များ တစ်စုံတစ်ရာ အပြောင်းအလဲမရှိ၊ ပါတီနှင့်တပ်ပိုင်း ဆက်လက်ရပ်တည်ရေးအတွက် ပေါ်ပေါက်လာသော နောင်အစိုးရသစ်နှင့်သာ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာသွားမည်ဖြစ်သည်။ (Kaowao 290310)
- မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ ကချင်ပြည်နယ် ဖန်းမော်မြို့ရှိ စကခ ၂၁ မှူး ဗိုလ်မှူးချုပ် စိုးနိုင်အား လွန်ခဲ့သည့် တစ်ပတ်ခန့်က ရာထူးမှ အနားပေးလိုက်ကြောင်း စစ်ဘက် သတင်းရပ်ကွက်ကဆိုသည်။ ( S.H.A.N 290310)
- သျှမ်းပြည် (မြောက်ပိုင်း) မူဆယ်မြို့နယ် စာနယ်ဇင်းအတွင်းရေးမှူးနှင့် အထက်တန်းရှေ့နေ ဦးတင်ထွန်း (ခ) ရွှေလီမောင်မောင်က ၎င်းအား စုကြေးငွေအလွဲသုံးစားလုပ်သည်ဟု တိုင်ကြားခဲ့သူများကို မတ်လ ၁၂ ရက်နေ့က မူဆယ်တရားရုံးတွင် ပြန်လည်တရားစွဲဆိုလိုက်သည်။ (S.H.A.N 290310)
- ကချင်ပြည်နယ် ဖန်းမော်ထောင်တွင် ထောင်ဒဏ်နှစ် ၇၀ ကျော် ကျခံနေရသည့် ၈၈ မျိုးဆက်ကျောင်းသူ မမာမာဦးသည် ခန္ဓာကိုယ်အရေပြားယားယံသည့် ဝေဒနာခံစားနေရကြောင်း မတ်လ ၂၅ ရက်နေ့ က ထောင်ဝင်စာပို့ ပြန်လာသည့် အသက် ၇၀ ကျော်အရွယ် အဖေဖြစ်သူ ဦးအုန်းမောင်က ပြောသည်။ (S.H.A.N 290310)
- ရှမ်းပြည်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ မိုင်းယုကျေးရွာအတွင်းက အိမ်ယာမြေ(၅၉)ကွက်အား ဒေသခံအာဏာ ပိုင်က ယခုလကုန်တွင် အပြီးပြောင်းရွှေ့ရန် ညွှန်ကြားကြောင်း ဒေသခံတဦးကပြောသည်။ (NMG 290310)
- ကရင်နီပြည် ဖရူဆိုမြို့နယ် ဆွမ်စိဖိုရွာမှ ဒေသခံများသည် နအဖ စစ်တပ် ခမရ ၅၃၁နှင့် ၄၂၈ တပ်များမှ ရွာတွင်းသို့ ဝင်ရောက်လာပြီး ပြောဆိုဆက်ဆံရာတွင် စကားမပေါက်ကြဘဲ ရိုက်နက်သောကြောင့် ရွာသားအချို့ရွာမှ ထွက်ပြေးကြသည်ဟု အရိုက်ခံရသူကံယက်ရှင်တစ်ဦးက ပြောသည်။ (Kantarawaddy Times 290310)
- ကရင်နီပြည် ရှားတောမြို့နယ်အတွင်းရှိ ကျေးလက်တောရွာများတွင် ကျောင်းသူ၊သားများအတွက် ဆရာ၊မများနှင့် သင်ထောက်ကူ ပစ္စည်းများ လုံလောက်မှုမရှိ၍ အနာဂတ် ကလေးပညာရေး ထိခိုက်နစ်နာစေမှာကို စိုးရိမ်ပူပန်မိကြောင်း ကျောင်းသူ၊သားမိဘများက ပြောသည်။ (Kantarawaddy Times 290310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၀၉ ခုနှစ် စက်တင်ဘာလမှာ မြို့နယ်မယကဉက္ကဌမှ မုဒုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ အိမ်အသစ်များကို အခွန်ငွေပေးဆောင်ရမည်ဟု ညွှန်ကြားထားပြီး ယခု မတ်လ ၂၅ ရက်နေ့မှာ ကျေးရွာဥက္ကဌမှတဆင့် စတင်ကောက်ခံနေပြီ ဖြစ်သည်။ (IMNA 290310)
- မြန်မာနိုင်ငံမှ တရားမဝင်တင်သွင်းသည့် မူယစ်ဆေးမျိုးစုံ အများအပြားကို ဘင်္ဂလာဒေ့ရှ်နိုင်ငံ အာဏာပိုင်တို့က မြန်မာ -ဘင်္ဂါလာ နယ်စပ်တလျှောက်တွင် ဖမ်းဆီး ရမိသည်ဟု နယ်စပ်သတင်းရပ်ကွက်မှဆိုသည်။ (Kaladan News 290310)
- ပါတီမှတ်ပုံမတင်ရေး NLD ပါတီ၏ နိုင်ငံလုံးဆိုင်ရာ ဗဟိုအစည်းအဝေးဆုံးဖြတ်ချက်သည် မှန်ကန်သင့်လျော်သော ကြောင့် ထောက်ခံကြိုဆိုကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး KNU နှင့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း SSA-S တို့က ပြောကြားလိုက်သည်။ (RFA 290310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ယခုနှစ် နအဖကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ပါတီမှတ်ပုံမတင် သော်လည်း ပါတီပျက်ပြယ်သွားမည်မဟုတ်ကြောင်း ပါတီဒု-ဥက္ကဌ ဦးတင်ဦးက ပြောသည်။ (RFA 290310)
- အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အာဆီယံအသင်းကြီး၏ ဦးဆောင်နိုင်ငံ တနိုင်ငံပီပီ မြန်မာနိုင်ငံရွေးကောက်ပွဲ အခြေအနေကို ပိုမိုပြင်းပြင်းထန်ထန် ဖိအားပေး ပြောဆိုသင့်ကြောင်း နယူးယောက်အခြေစိုက် (Human Rights Watch) လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ကြီးက တိုက်တွန်းတောင်းဆိုလိုက်သည်။ (VOA 290310)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ပါတီမှတ်ပုံမတင်ကြောင်းနှင့် ရွေးကောက်ပွဲမဝင်ကြောင်း ဆုံးဖြတ်လိုက်ခြင်းသည် စစ်အစိုးရက နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် ဆန္ဒပြခြင်းကိုထင်ဟပ်စေကြောင်း အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် P.J Crowley က ပြောကြားလိုက်သည်။ (VOA 290310)

## မတ်လ (၃၀) ရက်

- ရွေးကောက်ပွဲ ပုန်ကန်မှုများ ကာကွယ်ရန်အတွက် ရန်ကုန်တွင် ယနေ့မှစ၍ လုံခြုံရေးတိုးမြှင့်တော့မည်ဖြစ်ကြောင်း အာဏာပိုင် အဖွဲ့တခုဖြစ်သော တယကမှ အရာရှိကြီးတဦးက ပြောသည်။ (NEJ 300310)
- လမ်းလျှောက်၊ အပန်းဖြေ၊ အနားယူသူများနှင့် စည်ကားလေ့ရှိသော ကမ္ဘာ့အေးဘုရားလမ်း၊ မဟာပါသဏလိုဏ်ဂူတော် ဘေးပတ်လမ်း ဇရိယာအတွင်း ဝင်ထွက်သွားလာခွင့်ကို ရန်ကုန်တိုင်းတိုင်းမှူးက ကန့်သတ်ပိတ်ပင်လိုက်ကြောင်း သာသနာရေးဝန်ကြီးဌာနမှ သိရသည်။ (NEJ 300310)
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအတွက် မိုင်းလားတပ်ဖွဲ့အား နအဖ၏စရဖ ညွှန်ချုပ်ဒုဗိုလ်ချုပ်ကြီးရဲမြင့် ခေါ်ယူတွေ့ဆုံ၍ ဧပြီလနောက်ဆုံးပတ်သတ်မှတ်ရက် အဖြေပေးရန်၊ သို့မဟုတ်လျှင် မတရားအသင်းဖြစ်မည်ဟုဖိအားပေးခဲ့ကြောင်း အမည်မဖော်လိုသည့် စစ်တပ်အသိုင်းအဝိုင်းနှင့်နီးစပ်သူ တစ်ဦးကပြောသည်။ (S.H.A.N 300310)
- နယ်ခြားစောင့်တပ် အသွင်ပြောင်းထားသော သျှမ်းပြည် (မြောက်ပိုင်း) ကိုးကန့် အထူးဒေသ (၁) လောက်ကိုင်မြို့၌ ကိုးကန့်လက်နက်ကိုင် ပြောက်ကျား (၇) ဦး မတ် ၂၇ ရက်နေ့က ဖမ်းဆီးခံရကြောင်း ကိုးကန့်အဖွဲ့နှင့် နီးစပ်သူများကပြောသည်။ (S.H.A.N 300310)
- ရွေးကောက်ပွဲအတွက် မှတ်ပုံမတင်ရန် ဆုံးဖြတ်လိုက်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ် စစ်အစိုးရက ဖြိုခွင်းမှုအသစ်များ ပြုလုပ်လာနိုင်ကြောင်း ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က သတိပေးလိုက်သည်။ (Mizzima 300310)
- နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် စစ်အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ သဘောမတင်ရေမကျဖြစ်နေချိန်တွင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ကချင်ပြည်နယ်သို့ လွန်ခဲ့သည့် သီတင်းပတ်အတွင်း ၂ ရက်ကြာ ခရီးစဉ်တခု သွားရောက်ခဲ့သည်။ (Mizzima 300310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု NLD မှ ကန့်ကွက်သူမရှိ ဆုံးဖြတ်ချက်ချမှတ်လိုက်ခြင်းသည် မြန်မာပြည်သူလူထုဘက်မှ ပြတ်ပြတ်သားသားရပ်တည်သည့် သမိုင်းဝင်ဆုံးဖြတ်ချက်ဖြစ်ကြောင်းနှင့် ဆုံးဖြတ်ချက်အား အပြည့်အဝ ထောက်ခံကြောင်း NDF က ကြေညာချက်တစ်စောင်ထုတ်ပြန်လိုက်သည်။ (Kaowao 300310)
- အမေရိကန် နိုင်ငံရေးလောက အရှိန်အဝါကြီးမားတဲ့ အထက်လွှတ်တော်အမတ် ၉ ဦးတို့က မြန်မာစစ်အစိုးရကို ပိုပြီးတင်းတင်းကျပ်ကျပ် ဖိအားပေးနိုင်ရန် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်နဲ့ မူဝါဒညှိနှိုင်းရေးမှူး ခန့်ထားဖို့နဲ့ စစ်အစိုးရရဲ့ လက်ဝေခံ စီးပွားရေးသမားတွေကို ပိုမိုဖော်ထုတ် ဒဏ်ခတ်ဖို့အတွက် သမ္မတ အိုဘားမား (Obama) ဆီကို စာတစောင်ရေးသား တောင်းဆိုလိုက်ကြသည်။ (VOA 300310)
- ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့တောင်ဘက် မိုင် ၅၀ ခန့်ရှိတဲ့ ကေအဲန်ယူ တပ်မဟာ (၆) လက်အောက်ခံ တပ်ရင်း ၂၀၁ နှင့် ၁၀၁ ပူးပေါင်းတပ်ဖွဲ့အား မြန်မာစစ်အစိုးရ တပ်နှင့် ဒီကေဘီအေ တပ်ရင်း ၉၀၁ နှင့် ၉၀၆က တိုက်ခိုက်ခဲ့သည်ဟု ကေအဲန်ယူ အရာရှိတဦးကပြောသည်။ (NMG 300310)
- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဝေါ်လေစီးဝွင်၌ အခြေချလှုပ်ရှားနေသည့် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်(ဒီကေဘီအေ) တပ်ဖွဲ့ဝင်များသည် ယခုနှစ်ဆန်းပိုင်းမှစ၍ လူထုအပေါ် အကြောင်းမဲ့အနိုင်ကျင့်မှုများ ပို၍လုပ်ဆောင်လာသည်ဟု ဒေသခံရွာသားများက ပြောသည်။ (KIC 300310)
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအတွက် မိုင်းလားတပ်ဖွဲ့အား နအဖ၏ စရဖညွှန်ချုပ် ဒုဗိုလ်ချုပ်ကြီးရဲမြင့်မှ ခေါ်ယူတွေ့ဆုံ၍ ဧပြီလနောက်ဆုံးပတ်သတ်မှတ်ရက် အဖြေပေးရန်၊ သို့မဟုတ်လျှင် မတရားအသင်းဖြစ်မည်ဟု ဖိအားပေးခဲ့ကြောင်း ကျိုင်းတုံ - ပန်ဆန်း သတင်းရပ်ကွက်ကဆိုသည်။ (S.H.A.N 300310)

## မတ်လ (၃၁) ရက်

- အဖွဲ့ချုပ် ဖျက်သိမ်းခံရလျှင် အဖွဲ့ချုပ်ပျက်စီးသည်ဟု မယူဆ၊ ပျက်စီးခြင်းမဟုတ်ဟု ဒေါ်အောင်ဆန်းစုကြည်၏မှာကြားချက်အတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ)က ချမှတ်ထားသည့် နိုင်ငံရေးဦးတည်ချက်များအရ နိုင်ငံရေး ဆက်လက်လုပ်ဆောင်သွားမည်ဟု ဦးဝင်းတင်က ပြောကြားသည်။ (NEJ 310310)
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးအတွက် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ဝတပ်ဖွဲ့ ကိုယ်စားလှယ်များနှင့် နအဖစစ်ဖက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီး ရဲမြင့်တို့ မနက်ဖြန်တွင် ရှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့၌ တွေ့ဆုံကြမည်ဖြစ်ကြောင်း အပစ်ရပ်ခေါင်းဆောင်များနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (NEJ 310310)
- အမေရိကန်နိုင်ငံ အရှေ့တောင်အာရှဒေသ ဒုတိယလုံခြုံရေးတာဝန်ခံ ဒုတိယဗိုလ်ချုပ်ကြီး ဝေါလစ်ဂရေဆန်နှင့် ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန်လက်ထောက် သံအမတ်ကြီးတို့သည် မယ်လဒုက္ခသည်စခန်းသို့ လာရောက်ရာတွင် အမေရိကန်နိုင်ငံသို့ သွားရောက်အခြေချမည့်သူများ၏ အခြေအနေမှန်ကို လေ့လာပြီး စခန်းတာဝန်ရှိသူများကို ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်သော သဘောထားများ မေးမြန်းခဲ့သည်။ (NEJ 310310)
- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများအနေဖြင့် ပါတီမူဝါဒ သဘောထားနှင့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ စာအုပ်နှင့် လက်ကမ်းစာစောင်များကို ပြည်တွင်း၌ ထုတ်ဝေနေသည့် အပတ်စဉ်ထုတ် ပုဂ္ဂလိကဂျာနယ်များကဲ့သို့ သတ်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်းသာ ထုတ်ဝေရမည်ဖြစ်ကြောင်း စာပေစိစစ်ကြီးကြပ်မှု ဗဟိုအဖွဲ့မှ တာဝန်ရှိသူတဦးက ပြောသည်။ (NEJ 310310)
- ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်အတွင်း တရားမဝင် ဖွင့်လှစ်ထားသော Beauty Saloon အမည်ခံ မာဆတ်ခန်း (အနှိပ်ခန်း) နှင့် ပြည့်တန်ဆာခန်းများ အရေအတွက် သိသာစွာတိုးလာသည်ဟု အဆိုပါမြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ကျရဲဝန်ထမ်းတဦးက ပြောသည်။ (NEJ 310310)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ပြည်တွင်းသတင်း အချက်အလက်များ ပြည်ပမီဒီယာများသို့ စီးဆင်းမှုအားအဆင့်မြင့် နည်းပညာသုံး၍ ပိုမိုထိန်းချုပ်နိုင်ရန် တပ်မတော်ကွန်ပျူတာကွန်ရက်များ ညွှန်ကြားရေးမှူးရုံး (ကက-ကွန်)က တိုးမြှင့်စီစဉ်နေကြောင်း နီးစပ်သူများထံကပြောသည်။ (Irrawaddy 310310)
- ၂၀၁၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် မှတ်ပုံမတင်ကြောင်း ဆုံးဖြတ်ချက်ကိုထောက်ခံကြိုဆိုကြောင်း တိုင်းရင်းသားလူမျိုးများကောင်စီ ENC က ပြောကြားလိုက်သည်။ (DVB 310310)
- အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အခွင့်အခါကောင်းများကို မြန်မာစစ်အစိုးရက အလကားဖြုန်းတီးပစ်နေသဖြင့် ဂမ်းနည်းရပါကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက ပြောသည်။ (DVB 310310)
- မြန်မာစစ်အစိုးရသည် အမေရိကန်အစိုးရ၏ လက်ရှိမြန်မာနိုင်ငံအပေါ် ပြောင်းလဲကျင်းသုံးလာနေသည့် နှစ်နိုင်ငံ ထိတွေ့ဆက်ဆံရေး နိုင်ငံခြားရေးမူဝါဒအသစ်ကို အခွင့်ကောင်းယူကာ ယခုနှစ်နှောင်းပိုင်းတွင် ကျင်းပမည့်အငြင်းအပွားဖွယ်ရာ ရွေးကောက်ပွဲကို မှန်ကန်တရားမျှတသယောက်ဖြစ်အောင် ပြုလုပ်လာနိုင်ကြောင်း နယူးယောက်အခြေစိုက် အာရှလူ့ဘောင်ပညာရှင်အဖွဲ့က အစီရင်ခံစာတစ်စောင် ထုတ်ပြန်လိုက်သည်။ (DVB 310310)
- သင်္ကြန်မဏ္ဍပ်ကြီးများတွင် ရေပက်ကစားသူများသည် မလုံ့တလုံဝတ်စားဆင်ယင်မှု မပြုလုပ်ရန်နှင့် မဏ္ဍပ်အမည်များကို မြန်မာလိုပေးရန် စစ်အစိုးရက စည်းကမ်းထုတ်ပြန်လိုက်သည်။ (Mizzima 310310)
- ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစု (ရခိုင်ပြည်နယ်)ဟု အမည်ပေးထားသည့် ပါတီကို မှတ်ပုံတင်ရန် ခေါင်းဆောင်ပိုင်း ဆွေးနွေးမှုများ ပြုလုပ်နေပြီး လာမည့်လအတွင်း မှတ်ပုံတင်သွားမည်ဟု ပါတီ ဥက္ကဋ္ဌ ဦးအေးကြိုင်က ပြောသည်။ (Mizzima 310310)
- ရန်ကုန်တိုင်း တာမွေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်ခေါင်းဆောင် ကိုကျော်မျိုးနိုင်အား တာမွေမြို့နယ်တရားရုံးကတရားမဝင် အသင်းအဖွဲ့နှင့် ဆက်သွယ်မှုဖြင့် ယမန်နေ့တွင် ထောင်ဒဏ် ၂ နှစ် ထပ်မံ၍ ချမှတ်လိုက်ပြန်သည်။ (Mizzima 310310)
- Joint Action Committee For Democratic Burma- JACDB ပူးပေါင်းအဖွဲ့မှ ဦးဆောင်၍ ဩစတြေးလျနိုင်ငံရောက် မြန်မာ့ဒီမိုကရေစီလိုလားသူများက ရွေးကောက်ပွဲ ဥပဒေများကို ဖျက်သိမ်းပေးရန် ကင်ဘာရာမြို့ရှိ မြန်မာသံရုံးရှေ့၌ ယနေ့ ဆန္ဒပြတောင်းဆိုကြသည်။ (Mizzima 310310)
- အိန္ဒိယ ပါလီမန်အမတ်များသည် မြန်မာစစ်အစိုးရ ကျင်းပပေးမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရန်ဆုံးဖြတ်လိုက်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်အား ထောက်ခံချီးကျူးလိုက်ကြသည်။ (Mizzima 310310)
- အမေရိကန်သမ္မတအနေဖြင့် ပြဋ္ဌာန်းပြီးဥပဒေများအရ မြန်မာစစ်အစိုးရအပေါ် ပိတ်ဆို့အရေးယူမှုများကို ပိုမိုထိရောက်အောင် ဆောင်ရွက်ပေးပါရန် အမေရိကန်အထက်လွှတ်တော်အမတ် ၉ ဦးက သမ္မတ Barack Obama ကိုတောင်းဆိုလိုက်သည်။ (RFA 310310)
- ဦးဖုန်ကြားရှင်ခေါင်းဆောင်သော မြန်မာနိုင်ငံဒီမိုကရက်တစ်မဟာမိတ်တပ်မတော် MNDAA ကို မြန်မာစစ်အစိုးရတပ်များက ဝင်ရောက်တိုက်ခိုက်ပြီး ၇ လတိတိရှိသွားပြီဖြစ်သော်လည်း ဒေသတွင်း တည်ငြိမ်မှုမရှိသေးကြောင်း ဒေသခံများက ပြောသည်။ (RFA 310310)
- ၂၀၁၀ ရွေးကောက်ပွဲအတွက် ပြင်ဆင်သည့်စည်းရုံးရေးခရီးစဉ်အဖြစ် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကချင်ပြည်နယ် ဗန်းမော်နယ်ဖွား စစ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ထိပ်တန်းအရာရှိများနှင့်အတူ ဗန်းမော်မြို့ကို ယနေ့ရောက်ရှိလာကြောင်း မြို့ခံများက ပြောသည်။ (RFA 310310)
- မိုင်းလားအဖွဲ့ဟု လူသိများသည့် ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ ၄ က အပစ်ရပ် အမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော်ကို ရှေ့လ ၂၈ ရက်နေ့ နောက်ဆုံးထားပြီး နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးအတွက် မြန်မာစစ်အစိုးရက ထပ်မံ တောင်းဆိုလိုက်သည်။ (VOA 310310)
- သျှမ်းပြည် (မြောက်ပိုင်း) အပစ်ရပ် SSA နှင့် UWSA ထိန်းချုပ်နယ်မြေအနီးရှိ တန့်ယန်းမိုင်းရယ်မြို့များတွင် အခြေစိုက်ထားသော နအဖစစ်တပ်များမှ အိမ်ထောင်သည် စစ်သည်များ၏ဇနီးများအား သက်ဆိုင်ရာတပ်ရင်း

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



များ၌ လက်နက်ငယ် ကျွမ်းကျင်မှုပါဝင်သော အခြေခံစစ်ပညာကို အသုတ်လိုက်ခွဲ၍ သင်တန်းပေးနေကြောင်း စစ်တပ်မိသားစုဝင်တစ်ဦးက ပြောသည်။ (S.H.A.N 310310)

- နတလ ဝန်ထမ်း နှင့် NGO ဝန်ထမ်းများ ခွင့်ရက်ရှည်ပေး၍ နေရပ်ပြန်ရန် နအဖ အာဏာပိုင်များညွှန်ကြားလိုက်ပြီးနောက်ပိုင်း ၈ နယ်သို့ စားနပ်ရိက္ခာ တင်ဆောင်ခွင့်ကိုပါ ပိတ်ပင်လိုက်သည်ဟု ဒေသခံတစ်ဦးကပြောသည်။ (S.H.A.N 310310)
- ထိုင်း-သျှမ်းနယ်ခြားအခြေစိုက် လားဟူပြည်သူ့စစ်တပ်ဖွဲ့အား ယမန်နေ့နယ်ခြားစောင့်တပ်ရင်းအဖြစ် အသွင်ပြောင်း အခမ်းအနားသို့ စရဖ အရာရှိချုပ် ဒုဗိုလ်ချုပ်ကြီးရဲမြင့်နှင့် သျှမ်းပြည်တိုင်းချုပ် ဒုဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ တက်ရောက်ဖွင့်လှစ် တာဝန်အပ်နှင်းခဲ့သည်ဟု ဒေသခံတစ်ဦးကသည်။ (S.H.A.N 310310)

---

*End of report: Sunday, April 4, 2010*
***ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနမှ ထုတ်ဝေဖြန့်ချီသည်။***
*Documentation and Research Department- NDD*

---